# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်၊ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၆)၊ အမှတ် (၈၂)




## ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဧည့်သည်တော် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မဟိန္ဒ ရာဇပက္ခ အား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (ယာပုံ) နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဧည့်သည်တော် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မဟိန္ဒ ရာဇပက္ခ အား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (အောက်ပုံ) (သတင်းစဉ်)

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ အလုပ်သဘောခရီးလည်ပတ်ရန် ရောက်ရှိနေသော သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မဟိန္ဒ ရာဇပက္ခ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အတူ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မဟိန္ဒ ရာဇပက္ခ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.P.A.D Samarasekera လည်း တက်ရောက်သည်။ **(သတင်းစဉ်)**



**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

21-12 (01) 1 12/21/06, 1:14 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်)

# ထမံသိ ရေအားလျှပ်စစ်စီမံကိန်း အမြန်ဆုံးပြီးစီးရေး ကြိုးပမ်းဆောင်ရွက်

ဟုမ္မလင်းမြို့ မြောက်ဘက် မိုင်၃၀ ခန့်အကွာ တဇုန်းကျေးရွာအနီး ချင်းတွင်းမြစ်ပေါ်၌ ထမံသိရေလှောင်တမံနှင့် ရေအားလျှပ်စစ် ဘက်စုံ စီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိသည်။

ချင်းတွင်းမြစ်ကိုပိတ်၍ အမြင့် ၂၆၃ ပေ၊ အလျားပေ ၅၂၅၀ရှိ မြေသားတမံအမျိုးအစား ထမံသိ ရေလှောင်တမံကို တည်ဆောက်ထားပြီး ရေအားလျှပ်စစ် ဘက်စုံစီမံကိန်းတွင် မဂ္ဂါဝပ် ၂၀၀–စီ စက်ခြောက်လုံး တပ်ဆင်ထားသဖြင့် ထမံသိရေအားလျှပ်စစ်စီမံကိန်း ပြီးစီးသွား ပါက မဂ္ဂါဝပ် ၁၂၀၀ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၆၆၈၅ သန်း ဖြန့်ဖြူးပေးနိုင်မည် ဖြစ်သည်။

ထမံသိဘက်စုံစီမံကိန်းအပြင် ချင်းတွင်းမြစ်ဝှမ်းတွင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၅၂၀ ထုတ်လုပ်နိုင်မည့် မော်လိုက် ရေအားလျှပ်စစ်စီမံကိန်းနှင့် မဂ္ဂါဝပ် ၆၀၀ ထုတ်လုပ်နိုင်မည့် ရွှေစာရေး ရေအားလျှပ်စစ်စီမံကိန်းတို့ကိုလည်း အကောင်အထည်ဖော် တည်ဆောက်သွားမည် ဖြစ်သည်။

ထမံသိရေလှောင်တမံနှင့် ရေအားလျှပ်စစ် ဘက်စုံစီမံကိန်းသည် တည်ဆောက်ဆဲ ရေအားလျှပ်စစ် စီမံကိန်းများအနက် လျှပ်စစ်ဓာတ်အား အများဆုံးထုတ်လုပ်နိုင်မည့် စီမံကိန်း ဖြစ်သည့်အပြင် လယ်မြေဧက ၁၀သိန်းကျော်ကိုလည်း စိုက်ပျိုးရေပေးဝေနိုင်မည် ဖြစ်သည်။

တိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရရှိနိုင်မည့် နိုင်ငံတော်၏ အကြီးစား စီမံကိန်းကြီးဖြစ်သည့် ထမံသိရေအားလျှပ်စစ် ဘက်စုံစီမံကိန်းလုပ်ငန်းများကို ခိုင်ခိုင်ခံ့ခံ့ သပ်သပ်ရပ်ရပ်ဖြင့် သတ်မှတ်ကာလထက်စောပြီး အမြန်ဆုံးပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။



# ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ကြီးမှူး ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်း တိုင်းအဆင့် နည်းပြသင်တန်း ဖွင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၀

**ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သော အေအိုင်ဒီအက်စ်၊ တီဘီ၊ အခြားနာတာရှည် လူနာများနှင့် မိသားစုများအတွက် လူမှုရေးအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်မည့် ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်း တိုင်းအဆင့် နည်းပြသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၃ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ**(အပေါ်ပုံ)**က အဖွင့်အမှာစကား ပြောကြားသည်။**

ထို့နောက် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှမြင့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## တက်ရောက်

အဆိုပါ သင်တန်းမှာ နှစ်ရက်ကြာမြင့်ခဲ့ပြီး သင်တန်းသို့ ရန်ကုန်တိုင်း၊ ခရိုင်၊ မြို့နယ်များမှ အမျိုးသမီးရေးရာ အဖွဲ့ဝင် ၁၃၀ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဒီဇင်ဘာ ၁၅ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ မြို့နယ်တွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ ရန်ကုန်လမ်းညွှန်စာအုပ်များ ထပ်ဆင့်လှူဒါန်းပွဲ အခမ်းအနားကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းက စံပြကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ပေးအပ်စဉ်။**

(မြို့နယ် ပြန်/ဆက်)

# ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ကျိုင်းတုံ ဘိုးဘွားရိပ်သာဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲကျင်းပ တိုင်းမှူးဗိုလ်ချုပ်မင်းအောင်လှိုင် တက်ရောက်အလှူငွေလက်ခံ

နေပြည်တော် ဒီဇင်ဘာ ၂၀

**ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ ဘိုးဘွားရိပ်သာဖွင့်ပွဲနှင့် ဒုတိယအကြိမ်အလှူငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ကျိုင်းတုံ ဘိုးဘွားရိပ်သာ၌ကျင်းပသည်။**

## ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ တိုင်းမှူးဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်ကျိုင်းတုံ ဘိုးဘွားရိပ်သာ ကော်မတီဝင် ဦးကျော်တင့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဘိုးဦးလုံးဆမ်နှင့် အဘွားဒေါ်ပါလုံကျန်တို့က ဘိုးဘွားရိပ်သာ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

## အမှာစကားပြောကြား

ထို့နောက်ဘိုးဘွားရိပ်သာအတွက် ဒုတိယအကြိမ် အလှူငွေများပေးအပ်ပွဲကို ရိပ်သာခန်းမ၌ ဆက်လက်ကျင်းပရာ တိုင်းမှူးက အမှာစကား ပြောကြားသည်။

## ပေးအပ်လှူဒါန်း

ထို့နောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဘိုးဘွားရိပ်သာအတွက် အင်းလေးပရင့်ဆက်ဟိုတယ်မှ ငွေကျပ်သိန်း ၅၀။ ဦးစိုင်းရွက်(နေဝန်းနီစက်သုံးဆီအရောင်းဆိုင်)မှ ငွေကျပ်သိန်း ၅၀၊ ဦးသိန်းထိုက်နှင့် ဦးမြင့်ဌေး(ရတနာဖြိုး စက်သုံးဆီ)မှ ငွေကျပ်သိန်း၅၀၊ ဦးသက်နိုင်(အေးရှားဝေါလ်ကုမ္ပဏီ)မှ ငွေကျပ်သိန်း ၅၀၊ ဦးအောင်ခင်နှင့် ဦးစိုင်းဝန်းကျော်(ဈေးတန်းလေး/ကျိုင်းလန်း)မှငွေကျပ်သိန်း၄၀၊ လန်ဖုန်ဒန်နှင့် ဆာဟာခိုကုမ္ပဏီမှ ငွေကျပ်သိန်း၃၀၊ဝေမိသားစုမှ ငွေကျပ် ၂၅သိန်း၊ ဦးနော်အောင်မိသားစု(ပါရမီဆောက်လုပ်ရေးမှ ငွေကျပ် ၁၅ သိန်း၊ ဒေါက်တာမြင့်ဇော်နှင့်ဒေါက်တာတင်မာဦးမိသားစုမှ ငွေကျပ် ၅သိန်း၊ ကျိုင်းတုံမြို့ရှိ အလှူရှင်အသီးသီးမှ စုစုပေါင်း လှူဒါန်းငွေကျပ် ၂၁၉၇၂၀၀၊ အပါအဝင်အလှူရှင်အသီးသီးမှစုစုပေါင်း လှူဒါန်းငွေ ကျပ် ၃၄၁ သိန်းတို့အား ပေးအပ် လှူဒါန်းကြရာ တိုင်းမှူးနှင့်ဇနီး၊ ဒုတိယ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

## လက်ခံရယူ

ထို့နောက် တိုင်းမှူးနှင့်ဇနီးမိသားစုက ဘိုးဘွားများ စားသောက်ရေးငွေ ပဒေသာပင်အတွက် ငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းလုံးဆိုင်ကလည်းကောင်း၊ တိုင်းမိသားစုဝင်များက လှူဒါန်းငွေကျပ် တစ်သိန်းအား ဒုတိယတိုင်းမှူး၏ ဇနီးကလည်းကောင်း၊ ဘိုးဘွားရိပ်သာကော်မတီဝင်ဦးကျော်တင့်က ငွေကျပ်တစ်သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကျိုင်းတုံ ဘိုးဘွားရိပ်သာတွင် စေတနာရှင်ပြည်သူများက ဘိုးဘွားရိပ်သာ တည်ဆောက်ရေးအတွက် ပထမအကြိမ်အလှူငွေကျပ် ၃၁၂ သိန်း၊ ဒုတိယအကြိမ် အလှူငွေကျပ် ၃၄၁ သိန်း၊ စုစုပေါင်းလှူဒါန်းငွေကျပ် ၆၅၃ သိန်းနှင့် ဘိုးဘွားများနေ့စဉ်စားသောက်ရေး ပဒေသာပင်အတွက် အလှူရှင် ၁၄၅ ဦးမှ ထည့်ဝင်လှူဒါန်းငွေကျပ် ၅၁ သိန်း ရရှိကြောင်း သိရသည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဇနီး ဧည့်ပရိသတ်များသည် ဘိုးဘွားရိပ်သာအတွင်း လှည့်လည်ကြည့်ရှု၍ အဘိုးအဘွားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ တိုင်းမှူးက တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

# မြဝတီရုပ်မြင်သံကြား

**၂၁–၁၂–၂၀၀၆ (ကြာသပတေးနေ့)**

## နံနက်ပိုင်း

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနှားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

## ညပိုင်း

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | လက်စွမ်းပြဟန်ဂီတသံ |
| ၄း၁၅ | ၄။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄း၃၅ | ၅။ | နားဝင်ငြိမ့်စီးသီချင်းကြီး |
| ၄း၅၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅း၂၅ | ၇။ | မြန်မာသံစဉ်ချိုနှားဝင် |
| ၅း၄၀ | ၈။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၆း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၁။ | မိုးလေဝသ သတင်း |
| ၆း၃၀ | ၁၂။ | လျှပ်တစ်ပြက် |
| ၆း၃၅ | ၁၃။ | လှုပ်လှုပ်ရှားရှားပုံရိပ်များ |
| ၇း၀၀ | ၁၄။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မြစ်တစ်စင်းရဲ့သံစဉ်”** (အပိုင်း–၂) |
| ၈း၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၇။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၁၈။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ရွှေမင်းသမီး”** (ဒုတိယတွဲ) (အပိုင်း–၈) |



# အမျိုးသားညီလာခံ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့နှင့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့တို့၏ အစည်းအဝေးများ ဆက်လက်ကျင်းပ



ရန်ကုန် ဒီဇင်ဘာ ၂၀

**အမျိုးသားညီလာခံ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့နှင့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့များ၏ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၊ ဆွေးနွေးပွဲ ခန်းမ(၄)နှင့် ဆွေးနွေးပွဲခန်းမ(၆)တို့၌ ကျင်းပရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။**





တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ပြည်ထောင်စုခန်းမ၌ ကျင်းပရာ အလှည့်ကျသဘာပတိ ရခိုင်ပြည်နယ်မှ ဦးအောင်ဖဲဝေ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အစည်းအဝေး မစတင်မီ အစုအဖွဲ့အလိုက် သဘာပတိ အဖွဲ့ဝင်များနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

## တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့

အမျိုးသားညီလာခံ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို နံနက် ၉ နာရီတွင် ပြည်ထောင်စု ခန်းမ၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ရခိုင်ပြည်နယ်မှ ဦးအောင်ဖဲဝေက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကရင်ပြည်နယ်မှ ဦးမန်းအုံးမောင်၊ ကယားပြည်နယ်မှ ဦးကျော်ဒင်(ခေါ်) ဦးထေးရယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ဒူးဝါးဇွတ်ဒေါင်နှင့် တနင်္သာရီတိုင်းမှ ဦးမောင်လု (ခေါ်) ဦးလှမြင့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီရုံး လုပ်ငန်းအဖွဲ့(၅)မှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်ဦးနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲလွင်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ယနေ့ကျင်းပသည့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးသို့ တက်ရောက်သည့် ကိုယ်စားလှယ်သည် ရာခိုင်နှုန်း အားဖြင့် ၈၀ ရာခိုင်နှုန်း ဖြစ်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျ သဘာပတိ ရခိုင်ပြည်နယ်မှ ဦးအောင်ဖဲဝေက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ခြင်း အခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေ ပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်ရေးနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြမည့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက် စာတမ်းကို ဖတ်ကြားတင်ပြကြရာ ရှေးဦးစွာ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်းကို ရှမ်းပြည်နယ်မှ ဦးအားဖကလည်းကောင်း၊ နိုင်ငံတော် အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်းကို မကွေးတိုင်းမှ ဦးမျိုးတင့်ကလည်းကောင်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ အခန်းကို မွန်ပြည်နယ်မှ ဒေါ်ဝါဝါမွန်က လည်းကောင်း၊ အထွေထွေပြဋ္ဌာန်းချက်များ အခန်းကို ကယားပြည်နယ်မှ ဦးတင်ဦးကလည်းကောင်း အသီးသီး ဖတ်ကြားတင်ပြကြသည်။

ထို့နောက် ယင်းအကြံပြုချက် စာတမ်းကို အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြနိုင်ရန် ကိုယ်စားလှယ်များ၏ဆန္ဒကို ရယူ၍ အလှည့်ကျ သဘာပတိက အတည်ပြုကြောင်း ကြေညာပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။





တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၄)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ခန္တီးမြို့နယ်မှ ဦးကံညွန့် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

## တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့

အမျိုးသားညီလာခံ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၄)၌ ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် စစ်ကိုင်းတိုင်း ခန္တီးမြို့နယ်မှ ဦးကံညွန့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဧရာဝတီတိုင်း ဓနုဖြူမြို့နယ်မှ ဦးကြည်တင့်နှင့် ရန်ကုန်တိုင်း ခရမ်းမြို့နယ်မှ ဦးမြအေးတို့ကဆောင်ရွက်ကြပြီးအခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီရုံး လုပ်ငန်းအဖွဲ့(၆)မှ ဒုတိယညွှန်ကြားရေးမှူး ဦးနေဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်စိန်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ယနေ့ကျင်းပသည့် တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးသို့ တက်ရောက်သည့် ကိုယ်စားလှယ်သည် ရာခိုင်နှုန်းအားဖြင့် ၉၂ ဒသမ ၆၇ ရာခိုင်နှုန်း ဖြစ်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျ သဘာပတိ စစ်ကိုင်းတိုင်းခန္တီးမြို့နယ်မှ ဦးကံညွန့်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်း အခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ အခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည် အသေးစိတ် အခြေခံရမည့် မူများချမှတ်ရေးနှင့် စပ်လျဉ်း၍ အမျိုးသား ညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြမည့် တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြကြရာ ရှေးဦးစွာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်း အခန်းနှင့် နိုင်ငံတော်အလံ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော် အခန်းတို့ကို တနင်္သာရီတိုင်း ကော့သောင်းမြို့နယ်မှ ဦးအင်ရှိန်ကလည်းကောင်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ အခန်းကို ရခိုင်ပြည်နယ် အမ်းမြို့နယ်မှဦးရွှေလှကလည်းကောင်း၊ အထွေထွေ ပြဋ္ဌာန်းချက်များအခန်းကို ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်မှ ဦးထွန်းဦးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်မှ ဦးစိုင်းရီမွန်တို့ကလည်းကောင်း အသီးသီး ဖတ်ကြားတင်ပြကြသည်။

ထို့နောက်ယင်းအကြံပြုချက်စာတမ်းကို အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြနိုင်ရန် ကိုယ်စားလှယ်များ၏ဆန္ဒကို ရယူ၍ အလှည့်ကျ သဘာပတိက အတည်ပြုကြောင်း ကြေညာပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

## အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့

အမျိုးသားညီလာခံအသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို နံနက် ၉ နာရီတွင် ဆွေးနွေးပွဲခန်းမ(၆)၌ ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် မြန်မာနိုင်ငံ နည်းပညာ ပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဦးသိန်းဦးဘိုးစောက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဆေးသိပ္ပံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မောင်မောင်ဝင့်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဦးလှမြင့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ်အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီရုံး လုပ်ငန်းအဖွဲ့ (၈)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့် တွဲဖက် အခမ်းအနားမှူးအဖြစ်လက်ထောက်ညွှန်ကြားရေးမှူး ဦးငြိမ်းမြင့်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ယနေ့ကျင်းပသည့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးသို့ တက်ရောက်သည့် ကိုယ်စားလှယ်သည် ရာခိုင်နှုန်းအားဖြင့် ၈၅ ဒသမ ၇၁ ရာခိုင်နှုန်းဖြစ်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင် ကျင်းပကြောင်း ကြေညာသည်။





အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၆)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ရန်ကုန်စက်မှုတက္ကသိုလ် ရူပဗေဒဌာန ဂုဏ်ထူးဆောင် ပါမောက္ခ ဒေါက်တာ ဦးသိန်းဦးဘိုးစော အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် အလှည့်ကျသဘာပတိ မြန်မာနိုင်ငံ နည်းပညာ ပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဦးသိန်းဦးဘိုးစောက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ခြင်း အခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ် တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ အခန်းနှင့် အထွေထွေ ပြဋ္ဌာန်းချက်များ အခန်းတို့တွက်ချမှတ်သင့်သည့်အသေးစိတ် အခြေခံရမည့်မူများ ချမှတ်ရေးနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီ အစည်းအဝေးသို့ တင်ပြမည့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက် စာတမ်းကို ဖတ်ကြားတင်ပြကြရာ ရှေးဦးစွာ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်းနှင့် နိုင်ငံတော် အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်းတို့ကို မြန်မာမှုဗိသုကာ ပညာရှင် ဦးဝင်းမောင်(တမ့်ဝတီ) ကလည်းကောင်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ အခန်းနှင့် အထွေထွေ ပြဋ္ဌာန်းချက်များအခန်းတို့ကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ကျွမ်းကျင်သူပညာရှင် ဦးစိန်ကြည်ကလည်းကောင်း အသီးသီး ဖတ်ကြားတင်ပြကြသည်။

ထို့နောက် ယင်းအကြံပြုချက် စာတမ်းကို အမျိုးသားညီလာခံစုံညီ အစည်းအဝေးသို့ တင်ပြနိုင်ရန် ကိုယ်စားလှယ်များ၏ဆန္ဒကို ရယူ၍ အလှည့်ကျသဘာပတိက အတည်ပြုကြောင်း ကြေညာပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# ဂျပန်နိုင်ငံ၏ အကြီးဆုံးဂြိုဟ်တု လွှတ်တင်

တိုကျို ဒီဇင်ဘာ ၂၀

**ဂျပန်နိုင်ငံ၏ အကြီးဆုံးဂြိုဟ်တုကို သယ်ဆောင်သွားသော အိတ်ချ်တူး-အေဒုံးပျံကို ဒီဇင်ဘာ၁၈ရက်က ကာဂိုရှီးမား စီရင်စုမှ လွှတ်တင်လိုက်သည်။**



အဆိုပါ ဒုံးပျံ လွှတ်တင်မှုကို ယင်းစီရင်စုတွင် တိမ်များထူထပ်နေသဖြင့် ဒီဇင်ဘာ ၁၆ ရက်က ပစ်လွှတ်ရန် စီစဉ်ထားရာမှ ရက်ရွှေ့ဆိုင်းခဲ့ရခြင်း ဖြစ်သည်။

**လွှတ်တင်ပေး**

ယင်းဒုံးပျံကို လွှတ်တင်ပြီး မိနစ် ၃၀ အကြာတွင် ချိတ်ဆက်ထားသော ကီကုအမှတ်-၈ ဟု အမည်ပေးထားသည့် ဂြိုဟ်တုကို ကမ္ဘာပတ်လမ်းကြောင်းအတွင်း လွှတ်တင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**အသုံးပြု**

အဆိုပါ ဂြိုဟ်တုကို မြေပြင်ရှိ မိုဘိုင်းလ်ဖုန်း ဆက်သွယ်ရေးလုပ်ငန်းများအတွက် အသုံးပြုမည်ဟု ဂျပန် အာကာသ စူးစမ်းလေ့လာရေး အေဂျင်စီက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

**ဂျပန်နိုင်ငံမှ လွှတ်တင်လိုက်သည့် အိတ်ချ်တူး-အေ ဒုံးပျံကို ဒီဇင်ဘာ ၁၈ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)




# မလေးရှားထုတ်ကုန်ပစ္စည်းများ ရောင်းအားမြင့်တက်

**ကွာလာလမ်ပူ ဒီဇင်ဘာ ၂၀**

မလေးရှားနိုင်ငံ ထုတ်ကုန်ကဏ္ဍ၏ ရောင်းချရမှုတန်ဖိုးသည် အောက်တိုဘာလတွင် ၁၀ဒသမ၇ရာခိုင်နှုန်း တိုးတက်ကာ မလေးရှား ရင်းဂစ် ၄၅ဒသမ ၆ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၆၆ ဘီလီယံ) ရှိခဲ့ကြောင်း ၎င်းစာရင်းအင်းဦးစီးဌာန၏ စာရင်းများ၌ ဖော်ပြသည်။

**ဖော်ပြ**

ယခင်လနှင့်နှိုင်းစာလျှင် အောက်တိုဘာလတွင် ထုတ်ကုန်ပစ္စည်းများ ရောင်းချရမှုမှာ ၀ဒသမ၈ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်းလည်း အဆိုပါ စာရင်းဇယားများ၌ ဖော်ပြသည်။

**အလုပ်အကိုင်ရရှိ**

အဆိုပါ ထုတ်ကုန်ကဏ္ဍတွင် အောက်တိုဘာလအတွင်း လူပေါင်းတစ်သန်း အလုပ်အကိုင်ရရှိစေခဲ့ပြီး ယင်းမှာနှစ်ချင်းအလိုက် အခြေခံ၍ ၈ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာသည်။

**တိုးတက်**

ယခုနှစ် ပထမ ၁၀လအတွင်း ထုတ်ကုန်ကဏ္ဍမှ စုစုပေါင်း ရောင်းချရမှုတန်ဖိုးသည် မလေးရှား ရင်းဂစ် ၄၂၃ ဒသမ၇ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၁၇ ဒသမ ၆၉ဘီလီယံ) ရှိခဲ့ကြောင်း၊ ယင်းမှာ ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၁၁ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

**တိမ်းမှောက်**

**တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်ရှိ အဝေးပြေးလမ်းမပေါ်တွင် အမိုးနီးယားရည် ၂ ဒသမ ၃ တန် ထည့်သွင်းတင်ဆောင်လာသည့် ကုန်တင်ယာဉ်တစ်စီး တိမ်းမှောက်နေသည်ကို ဒီဇင်ဘာ ၁၈ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



# နိုင်ဂျီးရီးယားတွင် ဘဏ်ဓာတ်ငွေ့ပြတိုက်မှု ဖြစ်ပွား

လေဂို့စ် ဒီဇင်ဘာ ၂၀

**နိုင်ဂျီရီးယားနိုင်ငံ လေဂို့စ်မြို့၌ ဘဏ်ဓားပြတိုက်မှုတစ်ရပ် ဒီဇင်ဘာ ၁၈ရက်က ဖြစ်ပွားရာ အနည်းဆုံး လူရှစ်ဦး သေဆုံးပြီး အချို့ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။**

လက်နက်ကိုင် ဓားပြများသည် လေဂို့စ်မြို့ အပါလာအရပ်ရှိ ဘဏ်တစ်ဘဏ်အား ဝင်ရောက်တိုက်ခိုက်ရာ လူနှစ်ဦးကိုသတ်ပြီး နိုင်ဂျီးရီးယားငွေ နိုင်ယာသန်းအချို့(အမေရိကန် တစ်ဒေါ်လာတန်ဖိုးမှာ နိုင်ယာ ၁၂၈ နှင့် ညီမျှသည်)ကို လုယူသွားကြောင်း မျက်မြင် တွေ့ရှိသူများ၏ ပြောကြားချက်ကို နေ့စဉ်သတင်းစာက ဖော်ပြသည်။

**ပစ်ခတ်**

ဓားပြနှင့် ရဲတပ်ဖွဲ့ဝင်များ အပြန်အလှန် ပစ်ခတ်ခဲ့ကြောင်း၊ ၎င်းဓားပြများသည် အခြားဘဏ်တစ်ခုသို့လည်း ဝင်ရောက်ရန် ကြိုးစားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**(အင်တာနက်)**

# အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၂၉၄၅ဦး ရှိပြီ

**ဘဂ္ဂဒက် ဒီဇင်ဘာ ၂၀**

အီရတ်နိုင်ငံ အန်ဘာပြည်နယ်၌ ဒီဇင်ဘာ ၁၈ရက်က ဖြစ်ပွားသော တိုက်ပွဲတွင် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးကြောင်း အမေရိကန် စစ်ဘက်က ပြောကြားသည်။

**ကြေညာ**

၎င်းတပ်ဖွဲ့ဝင်နှစ်ဦးမှာ အန်ဘာပြည်နယ်အနောက်ပိုင်း၌ စစ်ဆင်ရေးဆင်နွှဲစဉ် ရန်သူ့လက်ချက်ဖြင့် ရရှိသော ဒဏ်ရာကြောင့် သေဆုံးရခြင်း ဖြစ်ကြောင်း အမေရိကန်စစ်ဘက် ကြေညာချက်တစ်ရပ်၌ ပါရှိသည်။

**ပြောကြား**

ယင်းနေ့မှာပင် ဘဂ္ဂဒက်မြို့တောင်ပိုင်း လူစည်ကားရာ ဈေးတစ်ခု၌ ကားဗုံးပေါက်ကွဲရာ သုံးဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ပေါက်ကွဲ**

အီရတ်၌နေ့စဉ် ဂိုဏ်းဂဏကွဲ အကြမ်းဖက်မှု၊ ကားဗုံးဖောက်ခွဲခြင်း၊ လမ်းဘေးဗုံးထောင် ပေါက်ကွဲမှုတို့ကြောင့် သေဆုံးသူ ဒါဇင်နှင့်ချီ၍ ရှိသည်။

၂၀၀၃ခုနှစ် မတ်လမှစ၍ အီရတ်သို့ အမေရိကန်ဦးဆောင်သောတပ်များ စတင်ဝင်ရောက် ကျူးကျော်ကတည်းက အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ပေါင်း ၂၉၄၅ဦး ရှိသွားပြီ ဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**



**တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ ဆိုးလ်အမျိုးသားတက္ကသိုလ်မှ သုတေသနပြုလုပ်၍ ပုံတူမျိုးပွားထားသည့် ခွေးအမသုံးကောင်အား ဒီဇင်ဘာ ၁၉ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ဂွမ်တာနာမို အကျဉ်းစခန်းမှ အကျဉ်းသား ၁၈ဦး အာဖဂန်နှင့် အခြားနိုင်ငံများသို့ လွှဲအပ်

ဝါရှင်တန် ဒီဇင်ဘာ ၂၀

**ဂွမ်တာနာမို စစ်ဘက်အကျဉ်းစခန်းမှ အကျဉ်းသား၁၈ဦးကို အမေရိကန်နိုင်ငံက အာဖဂန်နစ္စတန်နှင့် အခြားနိုင်ငံများသို့ ဒီဇင်ဘာ၁၇ရက်က လွှဲအပ်ပေးလိုက်ကြောင်း အမေရိကန်စစ်ဌာနချုပ်က ကြေညာသည်။**

အကျဉ်းသား ၁၈ဦး အနက် အာဖဂန်နစ္စတန်နိုင်ငံသို့ ခုနစ်ဦး၊ ယီမင်နိုင်ငံသို့ခြောက်ဦး၊ ကာဇက်စတန်နိုင်ငံသို့ သုံးဦး၊ လစ်ဗျားနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ တစ်ဦးစီ လွှဲပြောင်းပေးအပ်လိုက်ခြင်းဖြစ်သည်။

**ကျန်နေသေး**

ယီမင်နိုင်ငံသည် လွှဲပြောင်းပေးအပ်သူများအနက်တစ်ဦးကိုမူ ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ဖြင့် ပြန်လွှတ်ပေးလိုက်သည်။ ယခု လွှဲပြောင်းပေးပြီးနောက် ဂွမ်တာနာမိုအကျဉ်းစခန်းတွင်အကျဉ်းသား ၃၉၅ဦး ကျန်နေသေးသည်။

**ထွက်ခွာ**

၂၀၀၂ခုနှစ်မှစ၍ အယ်ဘေးနီးယား၊ အာဖဂန်နစ္စတန်၊ ဗြိတိန်၊ အီဂျစ်၊ အီရန်၊ အီရတ် အပါအဝင်နိုင်ငံများသို့ ယင်းအကျဉ်းစခန်းမှ ထွက်ခွာသွားသူပေါင်း ၃၈၀ခန့်ရှိပြီဟု အမေရိကန်စစ်ဌာနချုပ် စာရင်းအရသိရသည်။

**အမ်အင်အေ၊ ဆင်ဟွာ**

# မော်စကိုမြို့ အနီး ရဟတ်ယာဉ် ပျက်ကျ

**မော်စကို ဒီဇင်ဘာ ၂၀**

ရုရှားနိုင်ငံ မော်စကိုမြို့အနီးရှိ ဗိုကာဆန်စ်မြို့တွင် ဒီဇင်ဘာ ၁၇ ရက်က ရဟတ်ယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားရာ ယာဉ်ပေါ်တွင် လိုက်ပါလာသူနှစ်ဦး စလုံး သေဆုံးသွားခဲ့သည်။

ရဟတ်ယာဉ်သည် ည ၁ နာရီ၁၅ မိနစ်တွင် လယ်ကွင်းထဲသို့ပျက်ကျသွားခဲ့ပြီး ယင်းပျက်ကျမှုမှာ မတော်တဆဖြစ်ရပ်ဟု ရုရှားသတင်းထုတ်ပြန်ရေးဌာနက ပြောကြားသည်။

**အမ်အင်အေ၊ ဆင်ဟွာ**



တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဟေလုံကျန်ပြည်နယ်ရှိ ကီကီဟာ မြို့တွင် နှင်းခဲများဖြင့် ရုပ်တုပြုလုပ်နေကြသည်ကို ဒီဇင်ဘာ ၁၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ဗီယက်နမ်တွင် လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်မည်

ဟန္နိုင်း ဒီဇင်ဘာ ၂၀

**တစ်ချိန်က နိုင်ငံပိုင်ကုမ္ပဏီဖြစ်ခဲ့သော ဗီယက်နမ်လျှပ်စစ်စွမ်းအားအဖွဲ့(အီးဗွီအန်)အား ၂၀၀၆ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း နှစ်စဉ်လျှပ်စစ်စွမ်းအား ၁၆ ရာခိုင်နှုန်းမှ ၁၇ရာခိုင်နှုန်းထိ တိုးမြှင့်ထုတ်လုပ်ရန် ဗီယက်နမ်အစိုးရက ညွှန်ကြားထားကြောင်း ဒေသဆိုင်ရာမီဒီယာက ဒီဇင်ဘာ ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။**

## ပြုပြင်ပြောင်းလဲ

နိုင်ငံပိုင် ကော်ပိုရေးရှင်းများအား စီးပွားရေးလုပ်ငန်းများ ပီပီပြင်ပြင် လုပ်ဆောင်ရန် ပြုပြင်ပြောင်းလဲသည့် အခမ်းအနားတွင် ဗီယက်နမ် ဒုတိယ ဝန်ကြီးချုပ် ငုယင်ဆင်ဟွာက ညွှန်ကြားလိုက်ခြင်း ဖြစ်ကြောင်း၊ စီးပွားရေး လုပ်ငန်းများကဲ့သို့ ပြုပြင်ပြောင်းလဲရာတွင် လျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးသုံးပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်း၊ ပြန်ကြားရေးနှင့် နည်းပညာလုပ်ငန်းများပါဝင်ကြောင်း ဆိုင်ဂုံလိုက်ဘရေးရှင်း သတင်းစာက ရေးသား ဖော်ပြသည်။

အီးဗွီအန်အနေဖြင့် ပြည်တွင်းဈေးကွက်သာမက လာအို၊ ကမ္ဘောဒီးယားနှင့် တရုတ်နိုင်ငံများကဲ့သို့ ပြည်ပဈေးကွက်များနှင့်ပါ ယှဉ်ပြိုင်နိုင်ရန် ၎င်းက ညွှန်ကြားထားသည်။ အီးဗွီအန်သည် ဗီယက်နမ်သုံးငွေ ဒေါင် ၄၈ ဒသမ ၄ထရီလီယံနီးပါး ရင်းနှီးမြှုပ်နှံထားပြီး ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံး လျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသည့် အဖွဲ့ဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# သီးနှံလုံလောက်စွာ ဖြန့်ဖြူးရေး တရုတ်စီစဉ်

**ပေကျင်း ဒီဇင်ဘာ ၂၀**

တရုတ်နိုင်ငံ၏ စားသုံးသီးနှံများကို ဦးစားပေးသယ်ယူပို့ဆောင်ပေးရန် တိုက်တွန်းသည့် အရေးပေါ်အမိန့်တစ်ရပ်ကို တရုတ်နိုင်ငံ ဆက်သွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

## ဖြည့်ဆည်းပေး

နိုင်ငံတော်ကောင်စီက ထုတ်ပြန်သောအမိန့်အရ သီးနှံဈေးနှုန်း မြင့်တက်နေသဖြင့် သီးနှံအလုံအလောက် ဖြန့်ဖြူးနိုင်ရန် ထိုသို့အမိန့်ထုတ်ပြန်ခြင်း ဖြစ်သည်။ ယင်းသို့ ဖြန့်ဖြူးနိုင်ရေးအတွက် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ယာဉ်များကို အဓိကထား ဖြည့်ဆည်းပေးရန်ဖြစ်ကြောင်း အဆိုပါ သတင်း၌ ဖော်ပြသည်။

ပြည်တွင်းဈေးကွက်၌ သီးနှံရိက္ခာ မလုံမလောက်ဖြစ်နေရာ အဆင်ပြေချောမွေ့စေရေးအတွက် နိုဝင်ဘာလကုန်ကတည်းက သိုလှောင်ထားရှိသည့် သီးနှံတန်ချိန် ၃ဒသမ၈ဘီလီယံကို လေလံတင်ရောင်းချရေးအတွက် အမျိုးသား ဖွံ့ဖြိုးမှု ပြုပြင်ပြောင်းလဲရေး ကော်မရှင်နှင့် နိုင်ငံပိုင်သီးနှံဆိုင်ရာ စီမံခန့်ခွဲရေး အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ပေးခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**





# ပီနန်ဆိပ်ကမ်းအဆင့်မြှင့်တင်မည်

ကွာလာလမ်ပူ ဒီဇင်ဘာ ၂၀

မလေးရှားနိုင်ငံရှိ ပီနန်ဆိပ်ကမ်းအား လာမည့် ငါးနှစ်အတွင်း ရင်းဂစ်တစ်ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၇၇ ဒသမ ၇၈သန်း) အကုန်အကျခံကာ အခြေခံအဆောက်အအုံများ၊ ၎င်းနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာများကို အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နယူးစထရိတ်တိုင်းမ်သတင်းစာက ဒီဇင်ဘာ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

## တပ်ဆင်မည်

သင်္ဘောကုန်တင်ကုန်ချ ဆိပ်ခံတံတားများအား တိုးချဲ့တည်ဆောက်သွားမည်ဖြစ်ပြီး ပို့စ်ပနားမားစ် ဝန်ချီစက်အသစ် ခြောက်ခုအား ဝယ်ယူတပ်ဆင်မည်ဖြစ်ကြောင်း ဆိပ်ကမ်းအကြီးအကဲ မိုဟတ်နီနာမီရီကန်က ပြောကြားသည်။

## လွှဲပြောင်း

ယခုအချိန်တွင် ပီနန်ဆိပ်ကမ်း၌ ဝန်ချီစက်ခုနစ်ခုတပ်ဆင်ထားပြီး လာမည့်နှစ် ဖေဖော်ဝါရီလ၌ ဝန်ချီစက်အသစ်နှစ်ခု လွှဲပြောင်းရရှိမည် ဖြစ်သည်။

ယခုစီမံကိန်းကြောင့် အနာဂတ်ကာလတွင် ပီနန်ဆိပ်ကမ်း၌ သင်္ဘောကြီးများ ဆိုက်ကပ်နိုင်ကြောင်း မိုဟတ်နီနာက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ



အင်ဒိုနီးရှားနိုင်ငံ ဘန်ဒါအာချေး ပြည်နယ်တွင် ဆူနာမီ သတိပေးစနစ်သုံးကိရိယာတပ်ဆင်နေသည်ကို ဒီဇင်ဘာ ၁၉ ရက်က တွေ့ရစဉ်။(ဓာတ်ပုံ-အင်တာနက်)

# အာကာသနည်းပညာ ပူးပေါင်းဆောင်ရွက်ရန် တောင်ကိုရီးယားနှင့် ယူကရိန်း သဘောတူညီ

ဆိုးလ် ဒီဇင်ဘာ ၂၀

**တောင်ကိုရီးယားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့သည် အာကာသနည်းပညာ ပူးပေါင်းဆောင်ရွက်သွားရန် ဒီဇင်ဘာ ၁၈ ရက်က သဘောတူညီခဲ့သည်။**

ယင်းသဘောတူညီချက်ကို တောင်ကိုရီးယား သိပ္ပံနှင့်နည်းပညာဝန်ကြီးကင်ဝူဆစ်နှင့်ယူကရိန်းအာကာသ အေဂျင်စီ ဒုတိယညွှန်ကြားရေးမှူး ချက်ဗေလာရီကိုဗာရော့တို့က လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်သည်။

## ပြောကြား

တောင်ကိုရီးယားနှင့် ယူကရိန်းနိုင်ငံတို့သည် အခြေခံအာကာသ သိပ္ပံ၊ ဂြိုဟ်တုစနစ်များ ဖွံ့ဖြိုးရေးနှင့် ဒုံးပျံလွှတ်တင်ရေးနည်းပညာများ အပါအဝင် အမျိုးမျိုးသော သိပ္ပံနယ်ပယ် အသီးသီးတွင် ပူးပေါင်းဆောင်ရွက်ကြမည် ဖြစ်သည်။ ယင်းသဘောတူညီချက်အရ အပြန်အလှန် နည်းပညာများ ဖလှယ်ရေးနှင့် အာကာသအစီအစဉ်များ ပူးပေါင်းဆောင်ရွက်မှု တိုးတက်ရေးတို့ ပါဝင်ကြောင်း တောင်ကိုရီးယား တာဝန်ရှိသူများက ပြောကြားသည်။

## အလည်အပတ်

တောင်ကိုရီးယားသမ္မတ နိုမူဟွန်းနှင့် ယူကရိန်းသမ္မတ ဗစ်တာရပ်ချန်လိုတို့ ယင်းလက်မှတ်ရေးထိုးသည့် အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ယင်းယူကရိန်းသမ္မတသည် ဒီဇင်ဘာ ၁၈ရက်က တောင်ကိုရီးယားနိုင်ငံသို့ နှစ်ရက်ကြာခရီးအဖြစ် အလည်အပတ် ရောက်ရှိနေသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## စွမ်းရည်ပြ

**အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ကိုလ်ကတ္တားမြို့တွင် အိန္ဒိယတပ်ဖွဲ့ဝင်များ ဆိုင်ကယ်စီးစွမ်းရည်ပြသနေသည်ကို ဒီဇင်ဘာ ၁၉ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



# အီရတ် နိုင်ငံရေးပြဿနာ အမေရိကန်အစိုးရ ဖြေရှင်းနိုင်စွမ်း မရှိဟုဆို

ပရာဟာ ဒီဇင်ဘာ ၂၀

**ချက်သမ္မတနိုင်ငံ ပရာဟာမြို့တော်၌ ယခုရက်သတ္တပတ်ကုန်ပိုင်းက ကျင်းပသည့် အီရတ်ဆိုင်ရာနိုင်ငံတကာ ညီလာခံက အီရတ်နိုင်ငံအတွင်း အမေရိကန်စစ်ဆင်ရေးကို ဝေဖန်လိုက်ပြီး အီရတ်အရေးတွင် နိုင်ငံတကာ အသိုင်းအဝိုင်း၊ အထူးသဖြင့် ဥရောပသမဂ္ဂ၏အခန်းကဏ္ဍ ပိုမိုကြီးမားစွာ တာဝန်ယူရန် တိုက်တွန်းလိုက်သည်။**

## ဖော်ပြပါရှိ

အမေရိကန်အစိုးရအနေဖြင့် ကြောက်မက်ဖွယ် အီရတ်နိုင်ငံရေး အခြေအနေကို ဖြေရှင်းနိုင်စွမ်းမရှိကြောင်း၊ အီရတ်နိုင်ငံအား သိမ်းပိုက်ထားမှု အဆုံးသတ်ရေး၊ အီရတ်ပြန်လည်တည်ဆောက်ရေးတို့ကို နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် ဥရောပနိုင်ငံများက ပါဝင်ကူညီကြရန် မိမိတို့မျှော်လင့်ကြောင်း စနေနေ့က ပြီးဆုံးသည့် နှစ်ရက်ကြာ ညီလာခံဆုံးဖြတ်ချက်တွင် ဖော်ပြပါရှိသည်။

ပြဿနာဖြေရှင်းရေးအတွက် ကုလသမဂ္ဂ၏ကြီးကြပ်မှုဖြင့် အသွင်ကူးပြောင်းရေး ပါလီမန် ရွေးကောက်ပွဲ ကျင်းပပေးရန်လည်း ညီလာခံက တောင်းဆိုလိုက်သည်။

## ကာကွယ်ပြောကြား

ညီလာခံတွင် တက်ရောက် မိန့်ခွန်းပြောသူ အများစုက အမေရိကန်တပ်ဖွဲ့ဝင်များအား အီရတ်တို့ ခုခံတိုက်ခိုက်နေခြင်းကို ကာကွယ်ပြောကြားကြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အထက(၅)ဗိုလ်တထောင် ကျောင်းသားကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ၂၀၀၂ခုနှစ်မှ ၂၀၀၅ခုနှစ်အတွင်း တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများ စုပေါင်း၍ အာစရိယပူဇော်ပွဲကို ၂၀၀၇ခုနှစ် ဇန်နဝါရီ၇ရက် နံနက် ၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

**ဆက်သွယ်လှူဒါန်းနိုင်**

ပူဇော်ပွဲအတွက် အလှူငွေများကို ကိုကြည်မင်းထွန်း ဖုန်း–၂၄၂၁၇၄၊ မစိုးသဥ္ဇာအန်း ဖုန်း–၂၅၄၈၀၃ (၂၀၀၂ခုနှစ်)၊ ကိုကျော်ဇင်ဦး ဖုန်း– ၇၀၆၃၄၆၊ ကိုထက်ဦးဝေ ဖုန်း–၂၉၀၅၂၁(၂၀၀၃ခုနှစ်)၊ ကိုဆောင်းဦးကိုကို ဖုန်း– ၂၉၄၅၄၈၊ မအိဟေမာန်အောင် ဖုန်း–၂၉၆၆၂၇(၂၀၀၄ခုနှစ်)၊ ကိုသန့်ဇင်စိုး ဖုန်း– ၅၄၆၉၃၇၊ ကိုငွေဖြိုးမင်းလှိုင် ဖုန်း–၀၉–၅၁၀၄၆၅၅(၂၀၀၅ခုနှစ်)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ကျောင်းသား ကျောင်းသူဟောင်းများလည်း မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လွတ်လပ်ရေးနေ့အကြို နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲနှင့်ဟောပြောပွဲ မြောက်ဥက္ကလာပမြို့နယ်တွင်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲအခမ်းအနားကိုဒီဇင်ဘာ ၁၈ရက်က အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပရာ အခမ်းအနားကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဒေါ်ရီရီရှိန်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြမူတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

**ဟောပြောခဲ့**

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီးဒေါ်မြမြမူက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဒေါ်ရီရီရှိန်က "လွတ်လပ်ရေးကို တန်ဖိုးထားပါ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာဦးသန်းထွန်းတင့်က "လွတ်လပ်ရေးနေ့အဓိဋ္ဌာန်" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုအထိမ်းအမှတ်ပွဲတော် အပန်းဖြေသူများဖြင့်စည်ကား

**ရန်ကုန် ဒီဇင်ဘာ ၂၀**

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ သစ်တောရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပလျက်ရှိသော အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုအထိမ်းအမှတ်ပွဲတော်၊ အမျိုးသားအထိမ်းအမှတ် ဥယျာဉ်နှင့် ပထမအကြိမ်ပန်းပွဲတော်များကို ဒီဇင်ဘာ ၁၄ရက်မှ၂၀၀၇ခုနှစ် ဇန်နဝါရီ၃ရက်အထိ တစ်လကြာ ဆက်လက်ကျင်းပလျက်ရှိသည်။

ပွဲတော်ကာလအတွင်း ဒီဇင်ဘာ ၁၄ရက်မှ ၁၈ရက်အထိ ငါးရက်ကြာ ပျော်ပွဲရွှင်ပွဲများ ပါဝင်ခဲ့ပြီး မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် ရှမ်းပြည်နယ်တို့မှ လာရောက်ကြည့်ရှု လေ့လာ အပန်းဖြေသူပေါင်း သုံးသိန်းရှိခဲ့သည်။

ဒီဇင်ဘာ၁၉ ရက်တွင်လည်း အမျိုးသား ကန်တော်ကြီးဥယျာဉ်၊ အမျိုးသားအထိမ်းအမှတ် ဥယျာဉ်နှင့်ပန်းပွဲတော်တို့တွင် လာရောက် အပန်းဖြေသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ အလှူရှင်များ ဂေါပကအဖွဲ့သို့ ဆက်သွယ်ကြရန်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေရာ အရံစေတီများ၊ မုခ်ဆောင်များ၊ သာသနိက အဆောက်အအုံများ၊ ဂြိုဟ်တိုင်များ၊ မုခ်ဦးများ၊ မဟာရံတံတိုင်းများ၏ မူလအလှူရှင်များ၊ မွမ်းမံအလှူရှင်များသည် ၂၀၀၇ခုနှစ် ဇန်နဝါရီ ၁၅ရက် နောက်ဆုံးထား၍ ရွှေဘုန်းပွင့်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဖုန်း ၀၁–၂၉၀၄၂၅သို့ ဆက်သွယ်ကြရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဂေါပကအဖွဲ့က သင့်လျော်သလို စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# မဟာဒုက်ဘုရားပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

သဃ်န်းကျွန်းမြို့နယ် ၁၆/၄ ရပ်ကွက် (၂၆)ကြိမ်မြောက် မဟာဒုက်ဘုရားပူဇော်ပွဲနှင့် တရားပွဲပင့်သံဃာတော်တို့အား စာရေးတံမဲဖြင့် အိမ်စဉ်ဆွမ်းကပ်ပူဇော်ပွဲ အခမ်းအနားတွင် တရားတော်များ ချီးမြှင့်မည်ဖြစ်ရာ ဒီဇင်ဘာ ၂၆ ရက်တွင် ဦးကောဝိဒ ဆရာတော် သပြုရွာ ဇရပ်ကျောင်း ကဝမြို့နယ်၊ ၂၈ရက်၌ အရှင်ရာဇိန္ဒ ရဝေနွယ် အင်းမ၊ ၂၉ ရက်တွင် အရှင် အာစာရာလင်္ကာရ စစ်ကိုင်း ရွှေဟင်္သာဆရာတော်၊ ၃၁ရက်၌ အရှင်နာရပတိ ဆရာတော် ကမာရွတ် မြို့နယ်၊ ဇန်နဝါရီ ၁ရက်တွင် ဒေါက်တာ ဦးကောဝိဒ မဇ္ဈိမဂုဏ်ရည် ဆရာတော် သာကေတမြို့နယ်၊ ၂ရက်၌ ဦးရာဇိန္ဒ မဟာမြိုင်ကျောင်းတိုက် မန္တလေးမြို့၊ ၃ရက်တွင် ဦးသာသန ဆရာတော် မဟာမြိုင် ပရိယတ္တိ စာသင်တိုက် မန္တလေးမြို့နှင့် ၄ ရက်၌ ဦးသူရိယာဘိဝံသ မိုးတားကျောင်း ဆရာတော် မန္တလေးမြို့တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**(က–ပ)**

**ဒီဇင်ဘာ ၁၈ရက်က ရန်ကုန်တိုင်း ဒလမြို့နယ် သမိုင်းဝင်ဓနုတ်စေတီတော်မြတ်ကြီး ပြန်လည်ပြုပြင်ရန်အတွက် ဆရာမကြီး ဒေါ်ရွှေပု (D.S.P)နည်းပြက အလှူငွေ ကျပ်တစ်သိန်းနှင့် ဦးတင်မောင်ဆွေ–ဒေါက်တာ ဒေါ်ခင်စန်း (ပါမောက္ခ၊ငြိမ်း) သမီး ခင်လှပြည့်ဆွေတို့က အလှူငွေကျပ် သုံးသိန်း လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံယူစဉ်။** (က–ပ)



## အင်တာနက် သတင်းနှင့်ဓာတ်ပုံ

# အသေအပျောက်များသည့် အရေပြားကင်ဆာ၏လျှို့ဝှက်ချက် သုတေသီများ ရှာဖွေဖော်ထုတ်နိုင်

အသေအပျောက်အများဆုံး အရေပြားကင်ဆာ လက္ခဏာသည် သာမန်ကလာပ်စည်းတစ်ခုအဖြစ် အသွင်ဆောင် ပုံမှားရိုက်ခြင်းဖြင့် ဓာတုကုထုံးကိုပင် လိမ်လည်လှည့်စားလျက်ရှိသည်။

**အခက်အခဲတွေ့**

အရောင်ပါသော ကလာပ်စည်းမှ ဆင်းသက်လာသည့် ကင်ဆာရောဂါကြောင့် ဗြိတိန်နိုင်ငံတွင် တစ်နှစ်လျှင် ပြည်သူ ၁၇၀၀ ကျော်တို့ သေဆုံးကြရသည်။ ယင်းကြောင့် အစွမ်းထက်သော ကင်ဆာရောဂါတိုက်ဖျက်ရေးဆေးဝါးဖြင့် ကုသရန်ပင် အတော်အခက်အခဲတွေ့ရသည်။

**ငုပ်နေတတ်**

အရောင်ပါသော ကလာပ်စည်းမှ ဆင်းသက်လာသည့် ကင်ဆာကလာပ်စည်းများသည် ပုံသဏ္ဌာန်ပြောင်းပြီး ခန္ဓာကိုယ်တစ်ခုလုံးကို ပျံ့နှံ့သွားသည်။ ယင်းနောက် အသားပိုသစ်တစ်ခုအဖြစ် မကြီးထွားမီ နှစ်အတန်ကြာ ငုပ်နေတတ်သည်။

**အထောက်အကူ**

ဤတွေ့ရှိချက်က ကင်ဆာကလာပ်စည်းများ ပျံ့နှံ့မှုရပ်တန့်ရေးအတွက် နည်းလမ်းရှာကြံရာတွင် အထောက်အကူဖြစ်လိမ့်မည်ဟု သုတေသီများက ပြောဆိုသည်။ **(ကိုးကား–အင်တာနက်)**



# SSA-S(ရှက်ဆစ်)အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ ဆီဆိုင်မြို့နယ်ရှိ ကျေးရွာများသို့ ဝင်ရောက်၍ ကျေးရွာလူကြီးများအား အတင်းအဓမ္မဖမ်းဆီး၊ ပြန်ပေးငွေများတောင်းခံ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

**ဖမ်းဆီးခေါ်ဆောင်**

အေးချမ်းစွာနေထိုင်ကြသည့် ပြည်သူလူထုအပေါ် လက်နက်အားကိုးဖြင့် အနိုင်ကျင့်ဗိုလ်ကျ၍ လူသတ်၊ ဓားပြတိုက်၊ ပြန်ပေးဆွဲ၊ လုယက်စသည့် အကြမ်းဖက်အဖျက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိရာ ဒီဇင်ဘာ၁၂ရက် ည၉နာရီခန့်တွင်လည်း ရှမ်းပြည်နယ် တပ်မတော်(တောင်ပိုင်း) SSA-S(ရှက်ဆစ်) အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ အင်အား၁၅ဦးခန့်သည် ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် တောင်ရှေ့ကျေးရွာအုပ်စု စလောင်းတောင်သို့ ရောက်ရှိလာပြီး ရွာလူကြီး ဖြားကိုင်နှင့်ဖြားပိုက်တို့အား ပြန်ပေးဆွဲဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း၊ သောင်းကျန်းသူများက ရွာလူကြီးနှစ်ဦးအတွက် ပြန်ပေးငွေကျပ်၁၂သိန်းကို အဓမ္မတောင်းခံသဖြင့် ရွာသူရွာသားများက စုဆောင်းရရှိငွေကျပ် ခုနစ်သိန်းဖြင့်သွားရောက်ရွေးယူရာ ရွာလူကြီး ဖြားကိုင်တစ်ဦးတည်းကိုသာ ပြန်လွှတ်ပေးခဲ့ပြီး ရွာလူကြီး ဖြားပိုက်အား ဆက်လက်ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

ထို့အပြင် အဆိုပါ SSA-S (ရှက်ဆစ်)အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ထိုနေ့ည ၁၀နာရီခွဲခန့်တွင် ဆီဆိုင်မြို့နယ် ရေဖြူကျေးရွာသို့ သွားရောက်၍ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှည္ဆုန့်အား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ငွေကျပ်သိန်း ၄၀ဖြင့် လာရောက်ရွေးယူရန် မှာကြားကာ ည ၁၁ နာရီခန့်တွင် စလောင်းတောင်ဘက်သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

**ရှင်းလင်းချေမှုန်း**

ယင်း SSA-S(ရှက်ဆစ်)အကြမ်းဖက် သောင်းကျန်းသူများနောက်သို့ နယ်မြေခံတပ်များက လိုက်လံရှင်းလင်းချေမှုန်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လားရှိုး အထက(၃) အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

လားရှိုးမြို့ အထက(၃)တွင် ၁၉၈၂ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ်မြောက် မြတ်ဆရာ ပူဇော်ပွဲကို ၂၀၀၇ခုနှစ် ဇန်နဝါရီ၄ ရက် နံနက် ၉ နာရီတွင် အထက (၃) ခန်းမ၌ စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမဟောင်းများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် နှိုးဆော်ထားသည်။

အလှူငွေများကို ဦးအေးပို ဖုန်း–၀၉–၅၂၆၁၃၀၃၊ ဒေါ်နန်းငွေလှ ဖုန်း–၀၈၂–၂၃၇၃၅၊ ဒေါ်နန်းထွေးလင်း ဖုန်း–၀၈၂–၂၂၈၅၆၊ ဒေါ်နန်းခမ်းခေးစက် ဖုန်း–၀၉–၅၂၃၅၉၂၃၊ ဒေါ်သန်းသန်းထွေး ဖုန်း–၀၈၂–၂၃၃၂၀နှင့် ဒေါ်ခင်စန်းမြင့် ဖုန်း–၀၈၂–၂၄၀၅၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က–ပ)**

# သီရိလင်္ကာနိုင်ငံဝန်ကြီးချုပ်ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့နှင့် ပုဂံ-ညောင်ဦး၌ လေ့လာရေးခရီးလှည့်လည်

**အမှတ်တရဓာတ်ပုံရိုက်**

ဧည့်သည်တော် သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတ နိုင်ငံ ဝန်ကြီးချုပ် မဟိန္ဒ ရာဇပက္ခ... 

ရန်ကုန် ဒီဇင်ဘာ ၂၀

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အလုပ်သဘောခရီး လည်ပတ်ရန် သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာရတနာသီရိ ဝစ်ခရမ်မာနာရာကာသည် ဒီဇင်ဘာ ၁၈ ရက် နံနက် ၉ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။**

ဧည့်သည်တော် သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိ ဝစ်ခရမ်မာ နာရာကာ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ သာသနာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. P.A.D. Samarasekera နှင့် ဇနီးနှင့်သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဧည့်သည်တော် သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိ ဝစ်ခရမ်မာနာရာကာ ခေါင်းဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. P.A.D. Samarasekera၊ နိုင်ငံခြားရေး ဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက် ရတနာပြတိုက်သို့ ရောက်ရှိကြပြီး ပြတိုက်အတွင်း လှည့်လည်ကြည့်ရှု လေ့လာကြရာ ပြကွက်အလိုက် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

## မင်းဓမ္မကုန်းတော်

ထိုမှတစ်ဆင့် ဧည့်သည်တော် ဝန်ကြီးချုပ်ခေါင်းဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မင်းဓမ္မကုန်းတော်သို့ ရောက်ရှိကြရာ အလှည့်ကျဂေါပက အဖွဲ့ ဥက္ကဋ္ဌ ဦးကံမြင့်နှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ရှေးဦးစွာ ဧည့်သည်တော် ဝန်ကြီးချုပ်နှင့်ကိုယ်စားလှယ်အဖွဲ့သည် မင်းဓမ္မကုန်းတော်၌ သီတင်းသုံး ကိန်းဝပ်စံပယ်လျက်ရှိသည့် လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ပန်းများဖြင့် ဆက်ကပ်လှူဒါန်းကြသည်။

## လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဧည့်သည်တော် ဝန်ကြီးချုပ်နှင့်ကိုယ်စားလှယ်အဖွဲ့အား ဂေါပကအဖွဲ့ဝင် ဦးကျော်မြင့်က ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏သမိုင်းအကျဉ်းချုပ်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဧည့်သည်တော် ဝန်ကြီးချုပ်အား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့် ဂေါပကအဖွဲ့ ဥက္ကဋ္ဌတို့က လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၏ ပုံတော်အား ဓမ္မလက်ဆောင်အဖြစ် ပေးအပ်ကြပြီး ဧည့်သည်တော် ဝန်ကြီးချုပ်က ငွေထည် အနုပညာ လက်ရာပစ္စည်းကို ပြန်လည် ပေးအပ်သည်။

ဆက်လက်၍ ဧည့်သည်တော် ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး မင်းဓမ္မကုန်းတော်ရှိ သာသနိက အဆောက်အအုံများကို လှည့်လည် ကြည့်ရှုကြသည်။

ထို့နောက် ဧည့်သည်တော် ဝန်ကြီးချုပ်ခေါင်းဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ရတနာဆင်ဖြူတော်ဆောင်သို့ ရောက်ရှိကြရာ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ညိမ်းက ဆင်ဖြူတော်၏ ကြန်အင်လက္ခဏာများ အကြောင်း၊ အမည်ဘွဲ့တော်များနှင့် ပေါ်ထွန်းသည့် နေရာတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဧည့်သည်တော် ဝန်ကြီးချုပ်သည် ရတနာဆင်ဖြူတော်များဖြစ်ကြသည့် ရာဇဂဟာ သိရီပစ္စယဂဇရာဇာ၊ သီဂိမာလာနှင့် ရတီမာလာတို့အား ကြည့်ရှုလေ့လာပြီး ဧည့်သည်တော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ် အဖွဲ့သည် ရတနာဆင်ဖြူတော်များ အား အစာအာဟာရများကို ကျွေးမွေး လှူဒါန်းကြသည်။

## လှူဒါန်းပူဇော်

ညပိုင်းတွင် ဧည့်သည်တော် ဝန်ကြီးချုပ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြရာ ရှေးဦးစွာ ဧည့်သည်တော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် စေတီတော် ရင်ပြင် ဧည့်ခံတန်ဆောင်းအတွင်းရှိ ရွှေတိဂုံစေတီတော်ပုံတူ ရွှေစေတီတော်အား ဖူးမြော်ကြည်ညိုကြပြီး ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်များဖြင့် ဆက်ကပ် လှူဒါန်း ပူဇော်ကြသည်။

ဆက်လက်၍ ဧည့်သည်တော် ဝန်ကြီးချုပ်သည် ရွှေတိဂုံစေတီတော် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး စေတီတော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့် ဂေါပကအဖွဲ့ဝင်တို့က လက်ခံကြပြီး ရွှေတိဂုံစေတီတော် ဓာတ်ပုံကို ဓမ္မလက်ဆောင် အဖြစ် ပြန်လည်ပေးအပ်သည်။

ထို့နောက် ဧည့်သည်တော် ဝန်ကြီးချုပ်အား ဂေါပကအဖွဲ့ဝင် ဦးဘရွှေက လေးဆူဓာတ်ပုံရွှေတိဂုံ စေတီတော်မြတ်၏ သမိုင်းအကျဉ်းကို ရှင်းလင်းပြောကြားသည်။

## ဖူးမြော်ကြည်ညို

ဆက်လက်၍ ဧည့်သည်တော် ဝန်ကြီးချုပ်သည် စေတီတော်ရင်ပြင် ကျောက်စိမ်းတန်ဆောင်း အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် မြောက်ဘက် အာရုံခံတန်ဆောင်းအတွင်းရှိ ဂေါတမ ဗုဒ္ဓရုပ်ပွားတော်မြတ်တို့အား ဖူးမြော် ကြည်ညိုပြီး တန်ဆောင်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ရွှေသင်္ကန်းတော်များကို ဆက်ကပ်လှူဒါန်း သည်။

ထို့နောက် ဧည့်သည်တော်ဝန်ကြီး ချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် စေတီတော်မြတ်ကြီးအား လက်ယာရစ် တစ်ပတ်လှည့်လည် ဖူးမြော်၍ ရွှေတိဂုံ စေတီတော် ရင်ပြင်ရှိ ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်များနှင့် မြန်မာ့ ဗိသုကာပညာအနုပညာလက်ရာများကို ကြည့်ရှုလေ့လာကြသည်။

## ပုဂံ-ညောင်ဦး

ဧည့်သည်တော် သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်မစ္စတာရတနာသီရိဝစ်ခရမ်မာနာရာကာ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည်သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ ပြည်ထောင်စုမြန်မာ နိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. P.A.D. Samarasekera၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၁၉ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် အထူး လေယာဉ်ဖြင့် ရန်ကုန်မြို့မှ မန္တလေးတိုင်း ပုဂံ-ညောင်ဦးသို့ ရောက်ရှိကြသည်။

ဧည့်သည်တော်ဝန်ကြီးချုပ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပုဂံ-ညောင်ဦး လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

## မော်တော်ယာဉ်ဖြင့်ကြည့်ရှု

ထို့နောက် ဧည့်သည်တော် ဝန်ကြီးချုပ်နှင့်ကိုယ်စားလှယ်အဖွဲ့သည် ပုဂံ ရှေးဟောင်းယဉ်ကျေးမှု နယ်မြေ၏ စိမ်းလန်းစိုပြည်မှုနှင့် သန့်ရှင်းသာယာ လှပမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုကြသည်။

ယင်းနောက် ဧည့်သည်တော် ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရွှေစည်းခုံ စေတီတော်သို့ ရောက်ရှိကြပြီး အရှေ့ဘက် အာရုံခံတန်ဆောင်း ကြေးမတ်ရုပ် ဂန္ဓကုဋိတိုက်အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော ကကုသန်ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ပန်းများဖြင့် ဆက်ကပ်လှူဒါန်းကြသည်။

## ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဧည့်သည်တော် ဝန်ကြီးချုပ်နှင့်ကိုယ်စားလှယ်အဖွဲ့သည် ထီးတော်မဏ္ဍပ်မှနေ၍ ရွှေစည်းခုံ စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်များဖြင့် ဆက်ကပ်လှူဒါန်းကာ ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဧည့်သည်တော်ဝန်ကြီး ချုပ်သည် စေတီတော်၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

## ဓမ္မလက်ဆောင်

ယင်းနောက်စေတီတော်၏ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးစောမောင်က ဧည့်သည်တော် ဝန်ကြီးချုပ်အား ရွှေစည်းခုံစေတီပုံတော်အား ဓမ္မလက်ဆောင်အဖြစ်ပေးအပ်ရာ ဧည့်သည်တော် ဝန်ကြီးချုပ်က ဂေါပကအဖွဲ့အား လက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဧည့်သည်တော် ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ယင်းနောက် ဧည့်သည်တော် ဝန်ကြီးချုပ်အား စေတီတော်၏ သမိုင်းကြောင်းအကျဉ်းနှင့်သာသနိကအဆောက်အအုံများ၏ မြန်မာမှု အနုပညာ လက်ရာများ အကြောင်းကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားသည်။



## ပန်းရေချမ်းဆက်ကပ်

ထိုမှတစ်ဆင့် ဧည့်သည်တော် ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် အာနန္ဒာစေတီတော်သို့ ရောက်ရှိကြပြီး အနောက်ဘက်မုခ် ဂန္ဓကုဋိတိုက်ရှိ ဂေါတမဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်းနှင့် ရေချမ်းများဖြင့် ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဧည့်သည်တော် ဝန်ကြီးချုပ်သည် စေတီတော်ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ဧည့်သည်တော် ဝန်ကြီးချုပ်အား စေတီတော်ဂေါပကအဖွဲ့ဝင် တစ်ဦးက အာနန္ဒာစေတီပုံတော် ယွန်းရွှေရေး ပန်းချီကားချပ်ကို ဓမ္မလက်ဆောင်အဖြစ် ပေးအပ်သည်။

## မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် ဧည့်သည်တော် ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် ပုဂံရှေးဟောင်း သုတေသနပြတိုက်သို့ ရောက်ရှိကြပြီး ပင်မပြခန်းအတွင်း ခင်းကျင်းပြသထားသော ရှေးဟောင်းအနုပညာ လက်ရာများကို ကြည့်ရှုလေ့လာကြပြီး သုံးဖက်မြင် ပုဂံမြင်ကွင်းကျယ် ရှုခင်းပန်းချီကားရှေ့တွင် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ဆက်လက်၍ ဧည့်သည်တော် ဝန်ကြီးချုပ်နှင့်ကိုယ်စားလှယ်အဖွဲ့သည် ပြတိုက်အတွင်း ခင်းကျင်းပြသ ထားသည့် ပုဂံခေတ်လူနေမှုဘဝပြခန်း၊ ပုဂံခေတ် ဗိသုကာပြခန်းနှင့် ပုဂံနန်းမြို့ပြခန်းတို့ကို လှည့်လည် ကြည့်ရှုလေ့လာကြပြီး ဧည့်သည်တော်ဝန်ကြီးချုပ်သည် အစည်းအဝေးခန်းမ၌ ဧည့်သည်တော်မှတ်တမ်း စာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ဧည့်သည်တော်ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ပုဂံမြို့သစ်ရှိ ဦးဘငြိမ်းမိသားစု ယွန်းထည်ဆိုင်သို့ သွားရောက်၍ မြန်မာမှုအနုပညာလက်ရာ ယွန်းထည်ပစ္စည်းနှင့် အသုံးအဆောင်ပစ္စည်းများကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ဧည့်သည်တော် ဝန်ကြီးချုပ်အား ဦးဘငြိမ်းမိသားစုဝင် တစ်ဦးက ဗုဒ္ဓရုပ်ပွားတော်မြတ် ပုံတော် ယွန်းရွှေရေး ပန်းချီကားချပ်ကို ဓမ္မလက်ဆောင်အဖြစ် ဂါရဝပြု ပေးအပ်သည်။

## ဂုဏ်ပြုညစာတည်ခင်း

ညပိုင်းတွင် ဧည့်သည်တော် ဝန်ကြီးချုပ်နှင့်ကိုယ်စားလှယ်အဖွဲ့အား မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေက ရွှေနန်းတော်ဟိုတယ် (Aureum Palace Hotel)၌ ဂုဏ်ပြု ညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာသုံးဆောင်အပြီးတွင် ဧည့်သည်တော်ဝန်ကြီးချုပ်နှင့် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြသည်။

ဧည့်သည်တော်ဝန်ကြီးချုပ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ၂၀ ရက် နံနက် ၈ နာရီခွဲတွင် အထူးလေယာဉ်ဖြင့် ညောင်ဦးမြို့မှ နေပြည်တော်သို့ ဆက်လက်ထွက်ခွာကြရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပုဂံ-ညောင်ဦး လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**



**သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိဝစ်ခရမ်မာနာရာကာအား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။**
(သတင်းစဉ်)





## အလေးပြုခြင်းခံယူ

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မဟိန္ဒာရာဇပက္ခ (မစ္စတာရတနာသီရိ ဝစ်ခရမ်မာနာရာကာ)တို့ နေပြည်တော်လေဆိပ်တွင် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။**

(သတင်းစဉ်)

## ✱ ကျောဖုံးမှ

### အလေးပြုခြင်းခံယူ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဧည့်သည်တော် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာရတနာသီရိ ဝစ်ခရမ်မာ နာရာကာတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် နေပြည်တော်လေဆိပ်ရှိ အလေးပြုခုံ စင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

### ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဧည့်သည်တော် သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာရတနာ သီရိ ဝစ်ခရမ်မာ နာရာကာတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ဧည့်သည်တော် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် အတူ လိုက်ပါလာကြသော အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

### ခင်မင်ရင်းနှီးစွာနှုတ်ဆက်

ဆက်လက်၍ ဧည့်သည်တော် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်မစ္စတာရတနာ သီရိ ဝစ်ခရမ်မာ နာရာကာကလည်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသော အဖွဲ့ဝင်များအား ခင်မင်ရင်းနှီးစွာ နှုတ်ဆက်သည်။

ယင်းနောက် ဧည့်သည်တော် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်မစ္စတာရတနာ သီရိဝစ်ခရမ်မာနာရာကာ ခေါင်းဆောင်သည့် ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် နေပြည်တော် ဟိုတယ်ဇုန်သို့ထွက်ခွာကြရာ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များက ပို့ဆောင် နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

## ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာရတနာသီရိ ဝစ်ခရမ်မာ နာရာကာတို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။**

(သတင်းစဉ်)



## မြန်မာ့ရုပ်မြင်သံကြား

**၂၁-၁၂-၂၀၀၆ ရက် (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၁၀ ၆။ ကျေးပင်အက်ရေလှောင်တမံ
၈း၂၀ ၇။ အကပဒေသာ
၈း၃၀ ၈။ International News
၈း၄၅ ၉။ Let's Go
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၅း၂၀ ၁။ **နိုင်ငံတကာဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (အင်ဒိုနီးရှားဘောလုံးအသင်းနှင့် မလေးရှားယူ-၂၃ ဘောလုံးအသင်း)**
၁၇း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၇း၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
၁၇း၅၀ ၄။ **နိုင်ငံတကာဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မြန်မာယူ-၂၃ဘောလုံးအသင်းနှင့်မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း)**
၂၀း၀၀ ၅။ ပြည်တွင်းသတင်း
၆။ နိုင်ငံတကာသတင်းများ
၇။ မိုးလေဝသအခြေအနေ
၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ရေသူမလေး ပထမချစ်ပုံပြင်"** (အပိုင်း-၂၇)
၉။ နောက်တစ်နေ့အစီအစဉ်
၁၀။ အစီအစဉ်ပြီး၏။

## ဓမ္မပူဇာသဘင်တရားပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် ကျောက်မြောင်းလမ်း စိန္တာမယမဓမ္မာရုံရှေ့၌ ဒီဇင်ဘာ ၂၁ ရက်တွင် အရှင်ဝါယမ (မဟာပဋ္ဌာန်းဆရာတော်)၊ ၂၂ရက်တွင် အရှင်အဂ္ဂသာရ(အောင်ငြိမ်းချမ်းဆရာတော်)၊ ၂၄ ရက်တွင် အရှင်အာစာရာလင်္ကာရ (စစ်ကိုင်း ရွှေဟင်္သာဆရာတော်)၊ ၂၅ ရက်တွင် အရှင်ကောဝိဒ (မဇ္ဈိမဂုဏ်ရည်) ဆရာတော်ကြီးများက ညစဉ် ၇နာရီတွင် တရားတော်များ ဟောကြားကြမည်ဟု သိရသည်။

**(က-ပ)**

## ● ကျောဖုံးမှ

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ် ခင်ရီ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် နိုင်ငံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းသန်းဌေးတို့ တက်ရောက်ကြပြီး ဧည့်သည်တော် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာရတနာသီရိဝစ်ခရမ်မာနာရာကာနှင့်အတူ Secretary to the Prime Minister, Mr. Mahinda Bandusena၊ Ministry of Foreign Affairs, Additional Secretary, Mr. Karunatilaka Amunugama၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. P.A.D. Samarasekera၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. P.A.D. Samarasekera နှင့် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

### အမြင်ချင်းဖလှယ်

တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာရတနာသီရိ ဝစ်ခရမ်မာနာရာကာ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာရေးတို့အတွက် ခင်မင်ရင်းနှီးစွာဆွေးနွေးကာ အမြင်ချင်းဖလှယ်ကြသည်။ **(သတင်းစဉ်)**

## သိမ်ကျောင်းတော်ဆောက်လုပ်ရန် အလှူငွေပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

တောင်ဥက္ကလာပမြို့နယ် ၅ ရပ်ကွက် ပါရမီလမ်း အမှတ် ၄ဝိုင်း ရွှေသလ္လာပရိယတ္တိစာသင်တိုက် သိမ်ကျောင်းတော်ဆောက်လုပ်ရန်အတွက် အလှူငွေ ပေးအပ်ပွဲနှင့် အုတ်မြစ်စီမင်္ဂလာ အခမ်းအနားကို ဒီဇင်ဘာ ၃ ရက်ကကျင်းပရာ ဆရာတော် ဘဒ္ဒန္တကောဝိဒ(ရွှေသလ္လာ)က သိမ်ကျောင်းတော် အုတ်မြစ်စီပေးပြီး အလှူရှင်များက ပေးအပ်လှူဒါန်းသော ငွေကျပ် သိန်း ၉၀ကို လက်ခံရယူသည်။

သိမ်ကျောင်း ဆောက်လုပ်ရန်အတွက် ပါဝင်လှူဒါန်းလိုသော အလှူရှင်များရှိပါက ရွှေသလ္လာဆရာတော် ဖုန်း- ၀၁-၅၆၀၅၄၂၊ ဦးမောင်ကျော် ဖုန်း-၀၉-၅၁-၃၆၄၇၄ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၂၀၀)

## သာယာဝတီမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

၁၉၆၂ ခုနှစ်တွင် စတင်တည်ထောင်ဖွဲ့စည်းခဲ့သော သာယာဝတီမြို့နယ်အသင်း၏ (၂၉)ကြိမ်မြောက် သင်းလုံးကျွတ် အစည်းအဝေးကြီးကို သက်ကြီးပူဇော်ပွဲ ပညာရည်ချွန်ဆုပေးပွဲ အစီအစဉ်များနှင့်အတူ ပူးတွဲကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ မြို့နယ်သူ မြို့နယ်သားများ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၈ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် စမ်းချောင်းမြို့နယ် မြေနီကုန်း ဗားကရာလမ်း (ပဒုမ္မာကွင်းနှင့် မျက်နှာချင်းဆိုင်) ကျွန်းတောကျောင်းတိုက်ဓမ္မာရုံသို့ တက်ရောက်ကြပါရန် အလုပ်အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။

သက်ကြီးပူဇော်ခံနိုင်ရန်အတွက် အသက်(၇၅)နှစ်ပြည့်ပြီးသူ အသင်းဝင်များ၊ ပညာရည်ချွန်ဆုလက်ခံနိုင်ရန် အတွက်၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများ၊ ပါဝင်လှူဒါန်းလိုသူ အလှူရှင်များသည် ဒုတိယဥက္ကဋ္ဌ ဦးဌေးဝင်း ဖုန်း- ၅၇၀၉၇၃၊ အတွင်းရေးမှူး ကိုထွန်းမြတ် ဖုန်း-၆၅၂၉၀၅၊ ၆၉၂၉၀၆ တွဲဖက်အတွင်းရေးမှူး(၁) ကိုသက်မော်ဦး ဖုန်း- ၂၉၂၈၂၈၊ တွဲဖက်အတွင်းရေးမှူး (၃) ကိုဖြိုးမင်းအေး ဖုန်း- ၂၄၉၅၈၈တို့သို့ ဒီဇင်ဘာ ၃၁ရက် နောက်ဆုံးထား၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(က-ပ)**

**ဒေါ်သန်းစိန်အားရည်စူး၍ တိုက် ၁၃၃ အခန်း ၅ မီးဒုံးလမ်းသွယ် ၃ (၂၉)ရပ်ကွက် သုဝဏ္ဏ သင်္ဃန်းကျွန်းမြို့နယ်နေ ဦးကုလားလေးနှင့် သားသမီးမြေးများက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ငွေကျပ် တစ်သိန်း တစ်သောင်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ နာယက ဦးချစ်လှိုင် လက်ခံယူစဉ်။** (က-ပ)



# (၅၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲ ပူးပေါင်းကာကွယ် စောင့်ရှောက်ရေး။

☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်း ထိန်းသိမ်းကာကွယ်ရေး။

☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး။

## မိုးကုတ်ဝိပဿနာ သင်တန်းဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၂၀

ရွှေတိဂုံဘုရားမြောက်ဘက်မုခ်ရှိ ပဒုက္ကာ့ဓမ္မာရုံကြီးတွင် (၁၁)ကြိမ်မြောက် မိုးကုတ်ဝိပဿနာသင်တန်းကို ဓမ္မကထိက ဆရာကြီး ဦးစိန်ဝက ခန္ဓာဉာဏ်ရောက်သစ္စာလေးပါး တရားတော်များအား ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဒီဇင်ဘာ၂၃ရက်မှ၂၇ ရက်အထိ နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်နာယူနိုင်ကြောင်း သိရသည်။ (၃၅၂)

## ဝန်ကြီးဦးစိုးသာ ကုလသမဂ္ဂအာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့်လူမှုရေးကော်မရှင် အစည်းအဝေးတက်ရန်ထွက်ခွာ

နေပြည်တော် ဒီဇင်ဘာ ၂၀

**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဆက်လက်ကျင်းပမည့် ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်(အက်စကက်)၏ (၆၂)ကြိမ်မြောက် အစည်းအဝေးသို့တက်ရောက်ရန် ဒီဇင်ဘာ၁၉ရက်တွင် လေကြောင်းခရီးဖြင့် နေပြည်တော်လေဆိပ်မှ ထွက်ခွာသည်။**

ဝန်ကြီးဦးစိုးသာအား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**



**အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့်လူမှုရေး ကော်မရှင် (အက်စကက်)၏ (၆၂)ကြိမ်မြောက် အစည်းအဝေး တက်ရောက်ရန် နေပြည်တော် လေဆိပ်မှ ထွက်ခွာရာ ပို့ဆောင် နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။** (သတင်းစဉ်)

## အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအစည်းအဝေးကျင်းပ စုံညီအစည်းအဝေးများဆောင်ရွက်ခဲ့သော လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်း

ရန်ကုန် ဒီဇင်ဘာ ၂၀

**အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွန့်၊ တွဲဖက်အတွင်းရေးမှူးများနှင့် လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြသည်။**



### သဘာပတိ

အစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုးက သဘာပတိအဖြစ် ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး(၁) ဦးခင်မောင်မြင့်က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိ အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး **(ဝဲပုံ)**က အမျိုးသားညီလာခံစုံညီအစည်းအဝေးများတွင် ဆောင်ရွက်ခဲ့သော လုပ်ငန်းအရပ်ရပ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

### ဖြည့်စွက်ဆွေးနွေး

ဆက်လက်၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်နှင့် အတွင်းရေးမှူး ဦးသောင်းညွန့်တို့က အမျိုးသားညီလာခံနှင့်စပ်လျဉ်းသည့် လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေးပြောကြားကြသည်။

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဝင်များက လုပ်ငန်းဆိုင်ရာကိစ္စများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## ရှေ့နေချုပ်ရုံး နေပြည်တော် အားကစားပြိုင်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ရှေ့နေချုပ်ရုံး နေပြည်တော်၌ ပထမအကြိမ်ကျင်းပသည့် ၂၀၀၆ခုနှစ် ဒီဇင်ဘာ အားကစားလ လူထုလှုပ်ရှားမှု အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၁၉ရက် နံနက်ပိုင်းကကျင်းပပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ပြုလုပ်သည်။

အခမ်းအနားသို့ ဒုတိယရှေ့နေချုပ်ဦးမြင့်နိုင်၊ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်ဦးတင်မြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသည့် ဦးကျော်စိန်နှင့် ဦးဟန်ညွန့်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် အားကစားပြိုင်ပွဲများတွင် ပါဝင်ဆင်နွှဲခဲ့ကြသည့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယရှေ့နေချုပ်က ဂိုးကျဉ်းဘောလုံးပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့်အသင်းများအား လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်က ထုပ်ဆီးတိုးပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် အသင်းများအားလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများက ကျန်အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများအားလည်းကောင်း ဆုများကို ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အလုပ်သမားဆေးရုံကြီးမှ အထူးကုဆရာဝန်များအဖွဲ့ ရွှေတောင်ချည်မျှင်နှင့်အထည်စက်ရုံ၌ ဆေးဝါးကုသပေး

**ရန်ကုန် ဒီဇင်ဘာ ၂၀**

အလုပ်သမားဝန်ကြီးဌာန လက်အောက်ရှိ အလုပ်သမားဆေးရုံကြီးမှ အဖွဲ့ခေါင်းဆောင် ဆေးရုံအုပ်ကြီး ဒေါက်တာအောင်လင်း ဦးဆောင်သော အထူးကုအဖွဲ့သည် ဒီဇင်ဘာ ၁၂ ရက် နံနက် ၃ နာရီက ရွှေတောင်မြို့နယ်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ရွှေတောင် အဆင့်မြင့်ချည်မျှင်နှင့်အထည် အချောကိုင်စက်ရုံသို့ နံနက် ၈နာရီခွဲတွင် ရောက်ရှိရာ စက်ရုံမှူးတာဝန်ယူထားသည့် အထွေထွေမန်နေဂျာ ဦးဇော်ဝင်းမောင်၊ဒုတိယစက်ရုံမှူးနှင့်ဝန်ထမ်းများက စက်ရုံအခြေအနေနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဆေးရုံအုပ်ကြီးဒေါက်တာအောင်လင်းက ဆေးကုသခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အထွေထွေရောဂါအထူးကုသမားတော် ဒေါ်ကြည်ကြည်ငွေနှင့် အဖွဲ့က အထွေထွေရောဂါဝေဒနာရှင် ၃၅၂ဦး၊ ခွဲစိတ်အထူးကု ဆရာဝန်ကြီး တွဲဖက်ပါမောက္ခဒေါက်တာဦးဦးဟန်နှင့် အဖွဲ့က ခွဲစိတ်လူနာ ၃၀၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးဒေါက်တာ ဒေါ်မြတ်ချစ်ဆွေက သားဖွားမီးယပ်ဝေဒနာရှင် ၁၁၂ဦး၊ အရိုး အကြော အထူးကု တွဲဖက်ပါမောက္ခ ဒေါက်တာ ဦးခင်မောင်လေးက အရိုးအကြောဝေဒနာရှင်၂၃၅ဦး၊ မျက်စိအထူးကု ဆရာဝန်ကြီးများဖြစ်သည့် ဒေါက်တာဒေါ်ချိုချိုသန့်နှင့် ဒေါက်တာဦးစိုးဝင်းဌေးတို့က မျက်စိဝေဒနာရှင် ၂၀၊ နား၊ နှာခေါင်း လည်ချောင်း အထူးကုဆရာဝန်ကြီး ဒေါက်တာ ဦးခင်မောင်တင်က နား၊ နှာခေါင်း ဝေဒနာရှင် ၉၀၊ သွားနှင့်ခံတွင်းဆရာဝန် ဒေါက်တာဦးကျော်စိုးမိုးတို့အဖွဲ့က သွားနှင့်ခံတွင်းသန့်ရှင်းရေးအတွက် ဝန်ထမ်း ၇၈ဦးကို အသေးစိတ်ကြည့်ရှုစစ်ဆေးကုသပေးပြီး မေးခိုင်ကာကွယ်ဆေးထိုးခြင်းနှင့် ဆေးပေးခြင်း လုပ်ငန်းများကို ကုသစောင့်ရှောက်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**(မြန်မာ့အလင်း)**



## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၁၂-၂၀၀၆ (ကြာသပတေးနေ့)

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | သိကြားမင်းရေးသော ခန္တီ စာတန်းတရားတော် (သီတဂူဆရာတော်) |
| ၇း၄၅ | ယနေ့သိပ္ပံနှင့်နည်းပညာ |
| ၈း၀၀ | တေးဂီတအစီအစဉ် |
| ၈း၀၅ | စွန့်ပစ်ပစ္စည်းအကျိုးရှိစေမှာ ဓီဝဓာတ်ငွေ့ပေါင်းအိုးပါ |
| ၈း၂၀ | တေးဂီတအစီအစဉ် |
| ၈း၂၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၈း၃၅ | Music Talk (ရာစုနှင့်တွေ့ဆုံခြင်း) |
| ၉း၁၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၁၅ | ပြည်တွင်းအနုပညာရေးရာ |
| ၉း၄၀ | တေးဂီတအစီအစဉ် |
| ၉း၄၅ | လက်ဖက်စိုက်တဲ့ရွာကလေး |
| ၁၀း၀၀ | တေးဂီတအစီအစဉ် |
| ၁၀း၀၅ | အလျော်အစား(ဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ်) (ဒါရိုက်တာ–ကျော်ဇောလင်း) |
| ၁၀း၂၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၂၅ | ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) (အဝလွန်ခြင်း၊ ကာလသားရောဂါ နှင့် AIDS ရောဂါအကြောင်း) |
| ၁၀း၅၅ | တေးဂီတအစီအစဉ် |
| ၁၁း၀၀ | ပတ်ဝန်းကျင်သန့်ရှင်းဖို့ရာ ရေဆိုးသန့်စင်စက်ရုံက ကူညီမှာ |
| ၁၁း၂၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၃၅ | တေးဂီတအစီအစဉ် |
| ၁၁း၄၀ | Game Guide (Need for Speed) |
| ၁၂း၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂း၂၀ | သွားမယ်၊ စားမယ် Zephyr ကိုသွားမယ် (အညာပဲထမင်းစားမယ်) |
| ၁၂း၃၅ | တေးဂီတအစီအစဉ် |
| ၁၂း၄၀ | ဖွံ့ဖြိုးဝေစည်သာယာလှပ ဇရာတိုင်းမှ ဝါးခယ်မ |
| ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိတစ်ကြိမ်၊ ည ၇ နာရီ မှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီထိ တစ်ကြိမ်၊ လေးကြိမ်ဆက်တိုက်၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## မြန်မာပြည်တစ်ဝန်း အေးချမ်း

(၂၀-၁၂-၂၀၀၆)

| | |
|---|---|
| နေပြည်တော် | ၁၆ ဒီဂရီစင်တီဂရိတ် |
| ကျိုင်းတုံ | ၈ ဒီဂရီစင်တီဂရိတ် |
| လွိုင်ကော် | ၈ ဒီဂရီစင်တီဂရိတ် |
| ဟားခါး | ၉ ဒီဂရီစင်တီဂရိတ် |
| ပူတာအို | ၁၀ ဒီဂရီစင်တီဂရိတ် |
| မိုးကုတ် | ၁၁ ဒီဂရီစင်တီဂရိတ် |
| ရွှေကျင် | ၁၃ ဒီဂရီစင်တီဂရိတ် |
| မြစ်ကြီးနား | ၁၄ ဒီဂရီစင်တီဂရိတ် |
| သံတွဲ | ၁၄ ဒီဂရီစင်တီဂရိတ် |
| ဟသ်ာတ | ၁၄ ဒီဂရီစင်တီဂရိတ် |
| ဘားအံ | ၁၄ ဒီဂရီစင်တီဂရိတ် |
| ရန်ကုန်(မင်္ဂလာဒုံ) | ၁၄ ဒီဂရီစင်တီဂရိတ် |
| မန္တလေး | ၁၅ ဒီဂရီစင်တီဂရိတ် |
| မကွေး | ၁၅ ဒီဂရီစင်တီဂရိတ် |
| မော်လမြိုင် | ၁၆ ဒီဂရီစင်တီဂရိတ် |

ထူးခြားသည့် ညအပူချိန်မှာ ဟဲဟိုးမြို့တွင် ၄ဒီဂရီစင်တီဂရိတ်အထိ အအေးပိုခဲ့သည်။

**(မြန်မာ့အလင်း)**

# လူမှုစီးပွားဘဝမြင့်မားတိုင်းရင်းသားသွေးချင်းများ

မြင့်စိုး (နတလ)

(၁)

သင်တန်းခန်းမအတွင်းသို့ ဝင်လိုက်သည်နှင့် လွန်ခဲ့သောနှစ်ပေါင်း ၃၀ ကျော်ခန့်က ရင်းနှီးကျွမ်းဝင်ခဲ့ဖူးသော၊ အမှတ်ထင်ထင်ရှိခဲ့ဖူးသော သစ်တောထွက်အနံ့တစ်မျိုးကို ရှူရှိုက်မိသည်။ ကြိမ်နံ့၊ ဝါးနံ့၊ သစ်ဝါးပေါများသည့်အရပ်ဒေသတွင် ကြီးပြင်းခဲ့သော ကျွန်တော်တို့အဖို့ ကစားစရာပစ္စည်းကအစ သစ်၊ ဝါးနှင့် လွတ်တာရယ်လို့မရှိခဲ့။ ငယ်စဉ်က ဦးကြီး၊ ဦးလေးများနှင့် အနောက်ရိုးမတောင်ခြေသို့တက်၍ ဝါးခုတ်လိုက်ဖူးသည်ကို ယနေ့တိုင်မမေ့။ နွားလှည်းတန်းကြီးနှင့်အပြန် ဝါးစည်းပေါ် တလှုပ်လှုပ်ထိုင်လိုက်လာရသည်ကိုက အရသာတစ်မျိုးပင်။

ယခုဖွင့်လှစ်ခဲ့သည့် အိမ်တွင်းလက်မှုလုပ်ငန်း(ကြိမ်၊ဝါး) အမှတ်စဉ် (၁)၌ နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသူ ၃၄ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး နည်းပြဆရာတစ်ဦး၊ ဆရာမသုံးဦးကို ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းဒေသများမှ ဆက်သွယ်ခေါ်ယူထားခြင်းဖြစ်ကြောင်းသိရသည်။ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းက သင်တန်းသူများအတွက် သင်ထောက်ကူပစ္စည်းများပြည့်စုံစွာရှိရေး၊ ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်သင်ယူနိုင်ရေး ကြည့်ရှုစစ်ဆေးပြီး ကြိမ်နန်းဆွဲခြင်း၊ နှီးဖြာခြင်းစသော အခြေခံအတတ်ပညာများမှစ၍ လက်ရာမြောက် လက်မှုအသုံးအဆောင်ပစ္စည်းများ ဖန်တီးလုပ်ဆောင်နိုင်သည်အထိ ကြိုးစားသင်ယူကြရန် တိုက်တွန်းမှာကြားခဲ့သည်။

(၂)

အိမ်တွင်းလက်မှုလုပ်ငန်း (ကြိမ်၊ဝါး) သင်တန်းအမှတ်စဉ်(၁) အပါအဝင် စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ် (၂၇)၊ အဆင့်မြင့်အိမ်တွင်းမှုသင်တန်းအမှတ်စဉ် (၁၄)၊ ယဉ်ကျေးမှုနည်းပြများ မွမ်းမံသင်တန်းအမှတ်စဉ်(၃)၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ် (၄၆)နှင့် (၄၇) တို့အား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့က တစ်ပြိုင်တည်း ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။ သင်တန်းဖွင့်ပွဲသို့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်း တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

အဆိုပါ သင်တန်းတစ်ခုချင်းစီ၌ သီးခြားရည်ရွယ်ချက်များရှိနေလင့်ကစား သင်တန်းအားလုံး၏ အန္တိမရည်မှန်းချက်မှာ နိုင်ငံတော်အစိုးရက အမျိုးသားရေးတာဝန်အဖြစ်ခံယူ၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ အထူးဒေသကြီး (၂၄)ခု စီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး (၅)ရပ်စီမံကိန်းတို့တွင် ကျရာအခန်းကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ထမ်းဆောင်နိုင်ကြရေး လေ့ကျင့်ပျိုးထောင်ပေးနေခြင်းပင်တည်း။



လေ့ကျင့်

ယဉ်ကျေးမှု သင်တန်းသူများက ဤသို့လေ့ကျင့်ကြသည်။

**တပ်မတော် အစိုးရလက်ထက်တွင် မည်သည့်ခေတ်အခါကနှင့်မျှ မတူ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းမှုရရှိလာခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဒေသဆိုင်ရာလုပ်ငန်းကော်မတီများ၊ လုပ်ငန်းဆပ်ကော်မတီများ အဆင့်ဆင့်ဖွဲ့စည်း၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ၁၉၈၉ ခုနှစ်မှ စတင်ကာ အင်တိုက်အားတိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည်။ ယင်းသို့ ဆောင်ရွက်ပေးမှုကြောင့် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်ခဲ့သည်။**



**အိမ်တွင်းလက်မှုလုပ်ငန်း ဖြစ်သည့်(ကြိမ်၊ဝါး) သင်တန်း၌ စနစ်တကျသင်ယူနေကြသည်ကို ဤသို့တွေ့ရသည်။**

ယင်းသို့ မကြုံစဖူးရရှိထားသော တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ဆက်လက် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်မှာ နယ်စပ်ဒေသအသီးသီးတွင် ပြည်ထောင်စုစိတ်ဓာတ်များ ထွန်းကားပြန့်ပွား၍ လူ့စွမ်းအားအရင်းအမြစ်များ ထာဝစဉ်တိုးတက်ဖြစ်ထွန်းနေရပေမည်။ ဤသည်ကို ရည်မှန်း၍ နိုင်ငံတော် အစိုးရသည် နယ်စပ်ဒေသအသီးသီးတွင် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၇ ကျောင်း၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း ၃၄ ကျောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)နှင့်(မန္တလေး)၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်းများကို မိုင်းလား၊ ပန်ဆန်းနှင့် လောက်ကိုင်မြို့တို့တွင် အသက်မွေးမှုပညာ လေ့ကျင့်ရေးကျောင်း၊ စက်ပြင်အလုပ်ရုံတို့ကို စစ်တွေမြို့တို့တွင် ဖွင့်လှစ်သင်ကြား လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

(၃)

အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်–

- **နယ်စပ်ဒေသရှိ တိုင်းရင်းသူလေးများကို အိမ်တွင်းမှု သက်မွေး လုပ်ငန်း ပညာရပ်များ သင်ကြားပေးရန်နှင့် သင်ကြား တတ်မြောက်ထားသည့် အသက်မွေးဝမ်းကျောင်း ပညာရပ်များဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်သည်အထိ ကူညီဆောင်ရွက်ပေးရန်၊**
- **ကိုယ်ပိုင် စီးပွားရေး လုပ်ငန်းများ လုပ်ကိုင်နိုင်ခြင်းဖြင့် စားဝတ်နေရေး ဘက်စုံတိုးတက်ပြီး လူနေမှု အဆင့်အတန်း မြင့်မားလာစေရန်၊**
- **အမျိုးဂုဏ်၊ ဇာတိဂုဏ် စောင့်ထိန်းပြီး အကျင့်စာရိတ္တကောင်းမွန်သည့် အမျိုးသမီးကလေးများ ဖြစ်လာစေရန်၊**
- **တိုင်းချစ် ပြည်ချစ် မျိုးချစ်စိတ် အစဉ်ရှင်သန် ထက်မြက်နေသည့် အမျိုးသမီးလေးများ ဖြစ်လာစေရန်၊**
- **ရိုးရာယဉ်ကျေးမှု အိမ်တွင်းမှုအတတ်ပညာများ ပိုမိုထွန်းကားပြန့်ပွားလာစေရန်။**

ယင်းသင်တန်းများ၌ သင်တန်းသူများအား အခြေခံစက်ချုပ်ပညာ၊ အဆင့်မြင့် စက်ချုပ်ပညာ၊ ဇာထိုး၊ ပန်းထိုး၊ အချက်အပြုတ် ပညာရပ်များအပြင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ သိုးမွေးထိုး စက်ဆွဲအတတ်ပညာ၊ ကနုကမာ ကျောက်စီ ပန်းချီပညာရပ်များ၊ ရက်ကန်း အတတ်ပညာ စသည်တို့ကို ဒေသနှင့် သင့်လျော်သလို တိုးချဲ့သင်ကြားပေးလျက်ရှိသည်။ ကြိမ်နှင့် ဝါးသည် မြန်မာနိုင်ငံဒေသအနှံ့အပြား၌ ပေါများစွာ ပေါက်ရောက်လျက်ရှိသည့် သဘာဝကုန်ကြမ်းများ ဖြစ်သည်။ ယနေ့အချိန်အခါ၌ လက်ရာမြောက် ကြိမ်၊ဝါး လက်မှုပစ္စည်းများသည် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နေပြီ ဖြစ်သည်။ နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသူများ အနေဖြင့် ကြိမ်၊ဝါး အခြေခံ လက်မှုအတတ်ပညာများကို ကျွမ်းကျင်စွာ သင်ယူတတ်မြောက်ထားခြင်းဖြင့် ကိုယ်ပိုင်ဝင်ငွေရလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်မည်ဖြစ်သည်။

(၄)

မိမိတို့၏ အမျိုးသားယဉ်ကျေးမှုနှင့် အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ရမည့်တာဝန်မှာ နိုင်ငံသားအားလုံး၏ မွေးရာပါတာဝန်ဖြစ်သည်။ တစ်နည်းဆိုရသော် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ခိုင်မာသည်ထက်ခိုင်မာအောင်၊ ပြည်ထောင်စုစိတ်ဓာတ်များ ထွန်းကားပြန့်ပွားအောင် အလေးထား တည်ဆောက်ရမည်ဖြစ်သကဲ့သို့ အမျိုးသားယဉ်ကျေးမှုထိန်းသိမ်း စောင့်ရှောက်ရေးတွင်လည်း လက်တွဲညီညီ ခိုင်ခိုင်ကျည်ကျည်ရှိကြရပေမည်။

မိမိတို့၏ အမျိုးသားယဉ်ကျေးမှုများ ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ရေးအတွက် နိုင်ငံတော်အစိုးရက စီမံကိန်းများချမှတ် အကောင်အထည်ဖော်လျက်ရှိရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနသည် တစ်တပ်တစ်အား ပါဝင်ထမ်းရွက်သည့်အနေဖြင့် ဗဟိုလေ့ကျင့်ရေး ကျောင်း၌ ယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ သင်တန်းကျောင်းများမှ သင်ယူတတ်မြောက်သွားသည့် အဆိုပညာရပ်များ၊ အကပညာရပ်များ၊ စောင်း၊ ပတ္တလား၊ စန္ဒရား၊ တယော စသည့် အတီးပညာရပ်များကို နယ်စပ်ဒေသအသီးသီးမှ ဒေသခံ တိုင်းရင်းသူများထံ လက်ဆင့်ကမ်းပြန့်ပွားစေခဲ့သည်။

ဤကဲ့သို့ လေ့ကျင့်ပျိုးထောင်ပေးမှုများကြောင့် နယ်စပ်ဒေသအသီးသီးတွင်–

- **အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်သော အမျိုးသမီးကလေးပေါင်းများစွာ ပေါ်ထွန်းလာခဲ့သည်။**
- **တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ် အပြည့်အဝဖြင့် မိမိတို့အမျိုးသားယဉ်ကျေးမှုကို တန်ဖိုးထား လေးစားမြတ်နိုးတတ်သော အမျိုးကောင်းသားသမီးများစွာ မွေးထုတ်ပေးနိုင်ခဲ့သည်။**
- **နယ်စပ်ဒေသအသီးသီးမှ အမျိုးသမီးငယ်လေးများ၏ လူမှုဘဝမြင့်မားတိုးတက်လာခဲ့ကြသည်။**

ဤကား နိုင်ငံတော်အစိုးရ၏ ပြည်နယ်၊ ပြည်မ၊ တောင်ပေါ်၊ မြေပြန့်မခွဲခြား တစ်ပြေးညီ တစ်သားတည်း ထားရှိသော စေတနာပင်မဟုတ်ပါလား။ ။

# မော်လမြိုင် ရွှေသာလျောင်းဝတ်တော်ကြီး မုခ်ဦးဖွင့်ပွဲကျင်းပ ငွေကျပ်သိန်း ၃၀၀ ကျော် အကုန်အကျခံ တည်ဆောက်

ရန်ကုန် ဒီဇင်ဘာ ၂၀

**မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလွန်စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ငွေကျပ်သိန်း ၃၀၀ကျော် အကုန်အကျခံတည်ဆောက်ပြီးစီးခဲ့သည့် ရွှေသာလျောင်းဘုရားကိန်းဝပ်စံပယ်တော်မူသော ရွှေသာလျောင်း ဝတ်တော်ကြီး မုခ်ဦးဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၄ ရက်က ဘုရားပရိဝုဏ်အတွင်း ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။** (အောက်ပုံ)





### တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုး၊ မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဒုတိယ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ရွှေသာလျောင်းဝတ်တော်ကြီးမုခ်ဦးကို မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ တိုင်းမှူးဇနီးနှင့် အလှူရှင်များက ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးကြသည်။

**(၁၆၈)**



**ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စု ရိပ်သာ တိုက်(၁၀) အခန်း (A)နေ ဗိုလ်မှူးကြီး အောင်ငြိမ်း(ငြိမ်း)- ဒေါ်စန်းစန်းလွင် မိသားစုက နှစ် (၃၀) ပြည့် မင်္ဂလာ မွေးနေ့အဖြစ် ဒဂုံ မြို့နယ် အမှတ် ၁၆ ရ ကား ဝါ လမ်း မင်းကွန်းဆရာတော် ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေ ကျပ်နှစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ (ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# တူးမြောင်းဖြတ် ဘေလီတံတား တည်ဆောက် ညောင်နှစ်ပင်မှ ရေသန့်စက်ရုံအဝင်လမ်း ကတ္တရာခင်း

ရန်ကုန် ဒီဇင်ဘာ ၂၀

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ကော်မတီဝင်များဖြစ်သည့် ဦးကျော်စိုး၊ ဦးညီညီနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့နံနက် ၇နာရီ ၄၅မိနစ်က ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် အထယုကျေးရွာအနီး၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်)ရေသန့်စင်စက်ရုံသို့ ရောက်ရှိရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကော်မတီဝင် ဦးကျော်စိုး၊ အင်ဂျင်နီယာဌာန ရေနှင့်သန့်ရှင်းမှုဌာနမှူး ဒေါက်တာထွန်းသန်းထွန်း၊ စစ်ဆေးရေးဌာနမှူး ဦးအောင်စိုးသန်းနှင့် တာဝန်ရှိသူများက ရန်ကုန်မြို့တော်သို့ သောက်သုံးရေ ပိုမိုဖြန့်ဖြူးနိုင်ရေးအတွက် လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။**

### ကြည့်ရှုစစ်ဆေး

ထို့နောက်မြို့တော်ဝန်သည်ငမိုးရိပ်ဆည်မှ အထယုကျေးရွာအနီးရှိရေသန့်စင်စက်ရုံသို့ ဆက်သွယ်ထားသည့် ရေခေါ်တူးမြောင်းတာပေါင်များ ကြံ့ခိုင်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး **(အောက်ဝဲပုံ)** ငမိုးရိပ်လယ်ယာတူးမြောင်းဖြတ်ချောင်းဝဆိုင်ဖွန်(Cyphon)အနီး တူးမြောင်းဖြတ် ဘေလီတံတား တည်ဆောက်ရန်နှင့် ညောင်နှစ်ပင်လမ်းမှ ရေသန့်စင်စက်ရုံ အဝင်လမ်းအရှည်ပေ ၁၇၀၀၊ အကျယ်ပေ၂၀ကို ကျောက်ချော ကတ္တရာ လမ်းခင်းရန် မှာကြားသည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများသည် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ဝွေးတောက်အိုင်စု မြေနီကွင်းရွာ ထန်းသုံးပင်စခန်း၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ထုတ်လုပ်ရေးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ခြံစည်းရိုးကြက်ဆူပင် ဧက ၃၀၀ စိုက်ပျိုးထားရှိမှုနှင့် လှည်းကူးမြို့နယ် မရမ်းချောင် ကျေးရွာအုပ်စု ရေနက်ကြီး ကျေးရွာအနီး၌ ခြံစည်းရိုးကြက်ဆူပင်ဧက ၁၆၀၀ စိုက်ပျိုးထားရှိမှု အခြေအနေများနှင့် လာမည့်မိုးရာသီတွင် စိုက်ပျိုးရန် ခြံစည်းရိုးကြက်ဆူပင်များ ပျိုးထောင်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကြောင်း သိရသည်။ **(သတင်းစဉ်)**





# ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး စက်ရေတွင်းများ လှူဒါန်းနိုင်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့်တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများ၌ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၂၅၀၀၀၀၊ နှစ်လက်မ စက်ရေတွင်း အနက်ပေ ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၅၀၀၀၀၀၊ လေးလက်မစက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၅၀၀၀၀၀ နှုန်းဖြင့် လှူဒါန်းနိုင်သည်။

စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၈၀၂၆၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၈၃၆၂၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဖုန်း-၀၁-၂၈၁၈၆၇၊ ညွှန်ကြားရေးမှူး (ဘဏ္ဍာ) ဖုန်း-၀၆၇-၄၀၈၄၀၇၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၇၁-၂၂၇၆၀၊ ညွှန်ကြားရေးမှူး (မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး(မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၂-၅၄၆၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# နယ်စပ်ဒေသ အိမ်တွင်းမှုသင်တန်းကျောင်းများ သင်တန်းဆင်းပွဲ အခမ်းအနားများကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကရင်ပြည်နယ် ဘားအံမြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း အဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ်(၉)၊အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၁၂)နှင့် ဟင်းလျာချက်ပြုတ်နည်း သင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၄ရက်က သင်တန်းကျောင်း ခန်းမဆောင်တွင် ကျင်းပရာ သင်တန်းဆင်းပွဲသို့ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး တက်ရောက်အမှာစကားပြောကြားပြီး အခြေခံစက်ချုပ်သင်တန်းသူ ၃၅ဦး၊ အဆင့်မြင့် စက်ချုပ်သင်တန်းသူ လေးဦးနှင့် ဟင်းလျာချက်ပြုတ်နည်း သင်တန်းသူ ခုနစ်ဦး စုစုပေါင်း ၄၆ဦး တက်ရောက် အောင်မြင်ကြသည်။

### လှိုင်ကော်မြို့နယ်

အလားတူ ကယားပြည်နယ် လွိုင်ကော်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၁၅)၊ အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၃၆)၊ သိုးမွေးစက်ဆွဲ သင်တန်းအမှတ်စဉ် (၂)နှင့် ဟင်းလျာချက်ပြုတ်နည်း သင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၈ရက်က သင်တန်းကျောင်း ခန်းမဆောင်တွင် ကျင်းပရာ သင်တန်းဆင်းပွဲသို့ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွှန့်တင် တက်ရောက် အမှာစကားပြောကြားပြီး အခြေခံစက်ချုပ် သင်တန်းသူ ၃၇ဦး၊ အဆင့်မြင့် စက်ချုပ် သင်တန်းသူ ၁၆ဦး၊ သိုးမွေးစက်ဆွဲ သင်တန်းသူနှစ်ဦးနှင့်ဟင်းလျာချက်ပြုတ် နည်း သင်တန်းသူ ရှစ်ဦး စုစုပေါင်း ၆၃ဦး တက်ရောက်အောင်မြင်သည်။

### ဟားခါးမြို့နယ်

ထို့အတူ ချင်းပြည်နယ် ဟားခါးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေး လုပ်ငန်းပညာသင်တန်းကျောင်း အဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ် (၁၅)၊ အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ် (၃၂)၊ သိုးမွေးစက်ဆွဲသင်တန်း အမှတ်စဉ် (၇)၊ ကနုကမာကျောက်စီ ပန်းချီ သင်တန်း အမှတ်စဉ်(၇)နှင့် ရက်ကန်း သင်တန်းအမှတ်စဉ်(၇) သင်တန်း ဆင်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၈ ရက်က သင်တန်းကျောင်း ခန်းမဆောင် တွင် ကျင်းပရာ သင်တန်းဆင်းပွဲသို့ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး တင်လှ တက်ရောက်အမှာစကားပြော ကြားပြီး အခြေခံစက်ချုပ်သင်တန်းသူ ၂၈ဦး၊ အဆင့်မြင့် စက်ချုပ်သင်တန်းသူ ၁၀ဦးနှင့် သိုးမွေးစက်ဆွဲ သင်တန်းသူ ၁၀ဦး၊ ကနုကမာကျောက်စီ ပန်းချီ သင်တန်းသူနှစ်ဦး၊ ရက်ကန်းသင်တန်း သူ ငါးဦးနှင့် ဟင်းလျာချက်ပြုတ်နည်း သင်တန်းသူ ခုနစ်ဦး စုစုပေါင်း ၆၂ဦး တက်ရောက်အောင်မြင်သည်။

ကချင်ပြည်နယ် ပူတာအို၊ဒွန်ဘန်၊ ဒေါ့ဖုန်းယန်၊ ဗန်းမော်၊ ချင်းပြည်နယ် ဖလမ်း၊ မင်းတပ်၊ မတူပီ၊ တီးတိန်နှင့် ကန်ပက်လက် မြို့နယ်များ၏ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ၏ သင်တန်း ဆင်းပွဲ အခမ်းအနားများကို ဒီဇင်ဘာ ၈ရက်က ကျင်းပကြောင်း သိရသည်။

**(သတင်းစဉ်)**



**ပြင်သစ်နိုင်ငံ ပါရီမြို့ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီရုံးခန်း(ဗဟန်း ၃ လမ်း မှတ်တိုင်အနီး)တွင်အမှတ် (၈) ဦးအောင်ဘလမ်း ဆရာစံတောင် ဗဟန်းမြို့နယ်နေ မသီတာမော် အား ရည်စူး၍ မခင်ခင်မော်ကောင်းမှုအတွက် ငွေကျပ်တစ်သိန်းကို အတွင်းရေးမှူး(၃) ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

# အင်ဒိုနီးရှား(ယူ-၂၃)အသင်းနှင့် မလေးရှား(ယူ-၂၃)အသင်း မြန်မာ(ယူ-၂၃)အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်း ဗိုလ်လုပွဲတက်ရေးအဆုံးအဖြတ်ပွဲစဉ်များ ယနေ့ ယှဉ်ပြိုင်မည်

မန္တလေး ဒီဇင်ဘာ ၂၀

**အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် International Beverages Trading Co., Ltd. တို့ ပူးပေါင်းစီစဉ် ကျင်းပသည့် ၂၀၀၆ခုနှစ် ဒုတိယအကြိမ် ဂရင်းရွိုင်ရယ်ဖလား နိုင်ငံတကာဘောလုံးပြိုင်ပွဲ(Grand Royal Challenge Cup 2006)ကို ဒီဇင်ဘာ ၁၇ ရက်မှ စတင်၍ အထက်မြန်မာပြည် မန္တလေးမြို့ ဗထူးအားကစားကွင်း၌ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၂၁ရက်** (ယနေ့) **ညနေပိုင်းတွင် တတိယပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။**



## ပထမပွဲ

ညနေ၃နာရီခွဲတွင် ပထမပွဲအဖြစ် အင်ဒိုနီးရှား(ယူ-၂၃)အသင်းနှင့် မလေးရှား(ယူ-၂၃)အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ နှစ်သင်းစလုံးအတွက် အမှားမခံသောပွဲစဉ်ပင်ဖြစ်သည်။ နှစ်ပွဲစီကစားပြီးချိန်တွင် မလေးရှား(ယူ-၂၃)အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်၊ အင်ဒိုနီးရှား(ယူ-၂၃)အသင်းက တစ်ပွဲရှုံး၊ တစ်ပွဲသရေ တစ်မှတ်ရရှိထားကြသည်။ မလေးရှား(ယူ-၂၃)အသင်းက သုံးမှတ်ရရှိထား၍ ဗိုလ်လုပွဲတက်ရန် အလားအလာကောင်းလျက်ရှိသော်လည်း အနိုင်ကစားမှသာ စိတ်အေးရမည်ဖြစ်သည်။ အင်ဒိုနီးရှားအသင်းအတွက်မူ အနိုင်မှတစ်ပါးအခြားမရှိသောအနေအထားဖြစ်၍ ဖောင်ဖျက်ကစားရမည်ဖြစ်သည်။

## ဒုတိယပွဲ

ညနေ၆နာရီတွင် ဒုတိယပွဲအဖြစ် မြန်မာ(ယူ-၂၃)အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ အချင်းချင်းဆုံတွေ့ခြင်းဖြစ်သော်လည်း အမှတ် ရရှိထားမှု အနေအထားအရ သူနိုင်ကိုယ်နိုင်အပြိုင်ကြိုးစားရမည်ဖြစ်သည်။ နှစ်ပွဲစီကစားပြီးချိန်တွင် မြန်မာ(ယူ-၂၃)အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်၊ မြန်မာ့လက်ရွေးစင်အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်ရရှိထားသည်။ မြန်မာ(ယူ-၂၃)အသင်း က လေးမှတ်ရရှိထား၍ ထိပ်ဆုံးမှ ရပ်တည်နေသော်လည်း ယခုပွဲ၌ အနည်းဆုံးသရေကစားမှသာ ဗိုလ်လုပွဲတက်မည်ဖြစ်သည်။

## ပွဲကြိုရှင်းလင်း

၂၀၀၆ ခုနှစ် ဒုတိယအကြိမ် ဂရင်းရွိုင်ရယ်ဖလားနိုင်ငံတကာဘောလုံးပြိုင်ပွဲ တတိယပွဲစဉ်များအကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီခွဲက မန္တလေးမြို့ရှိ Hotel Mandalay ၌ကျင်းပရာ ပြိုင်ပွဲဝင် အသင်းများမှ အုပ်ချုပ်သူနှင့် နည်းပြများ၊ I.B.T.C ကုမ္ပဏီမှ Brand Manager ဦးကျော်ကျော်နိုင်၊ ပြိုင်ပွဲ ကျင်းပရေးမှ ဆက်သွယ်ရေးတာဝန်ခံ ဦးထွန်းထွန်းနိုင်နှင့် စာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

## မလေးရှားနည်းပြ

ရှေးဦးစွာ မလေးရှား(ယူ-၂၃) အသင်းနည်းပြ ဆာသီယာက ရှင်းလင်းပြောကြားရာ"နောက်ဆုံးပွဲစဉ်၌ အင်ဒိုနီးရှားအသင်းကို အနိုင်ရပြီး ခြောက်မှတ်ရမည်ဟု ထင်ပါကြောင်း၊ အနိုင်မရခဲ့လျှင် ဗိုလ်လုပွဲတက်ရန် အခက်အခဲရှိ



**ဒီဇင်ဘာ ၁၇ရက်က မြန်မာ(ယူ-၂၃)အသင်းနှင့် မလေးရှား(ယူ-၂၃) အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအသင်းမှ မျိုးမင်းထွန်း၏ ထိုးဖောက်ဂိုးသွင်းရန် ကြိုးစားမှုနှင့် မလေးရှားဂိုးသမား ဟူစိန်၏ ကာကွယ်မှုကို ဤသို့တွေ့ရသည်။**

နိုင်ကြောင်း၊ နည်းပြတစ်ဦးအနေဖြင့် မိမိတာဝန်ယူရသည့်အသင်းကို တစ်ပွဲထက်တစ်ပွဲပိုကောင်းအောင် ကြိုးစားရမည်သာဖြစ်ကြောင်း၊ တောင်အာဖရိကမှ ကလပ်အသင်းများနှင့် သွားရောက်ကစားခဲ့စဉ်က ကမ္ဘာ့ဖလားခြေစစ်ပွဲဝင်မည့် လက်ရွေးစင်အသင်းနှင့် သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိအနေဖြင့် မလေးရှားအိုလံပစ်အသင်းနှင့် နှစ်နှစ်စာချုပ် ချုပ်ဆိုထားရာ ခြေစစ်ပွဲမအောင်မြင်ခဲ့လျှင် မိမိအနာဂတ်မသေချာကြောင်း၊ အင်ဒိုနီးရှား(ယူ-၂၃)အသင်းနှင့် ပထမဆုံးဆုံတွေ့ခြင်း ဖြစ်သော်လည်း ယခုအသင်း၌ ပါဝင်သည့် ကစားသမားအချို့ကို သက်တန်းအလိုက် လူငယ်ပြိုင်ပွဲများ၌ တွေ့ဖူးပါကြောင်း၊ မည်သူမဆို မိမိတို့အသင်းကို အကောင်းဆုံးဟု ပြောမည်ဖြစ်သော်လည်း မြန်မာ့လက်ရွေးစင်အသင်းကို အတောင့်တင်းဆုံးဟုထင်ပါကြောင်း၊ အင်ဒိုနီးရှားအသင်းနှင့်ပွဲသည် မိမိတို့အတွက် အလွန်ခက်ခဲသည့်ပွဲဖြစ်ကြောင်း၊ အင်ဒိုနီးရှား(ယူ-၂၃) အသင်းသည် ဟော်လန်၌ ငါးလကြာသွားရောက်လေ့ကျင့်ခဲ့ပြီး ဒိုဟာအာရှအားကစားပြိုင်ပွဲ ကစားခဲ့သည့် အတွေ့အကြုံရှိကြောင်း၊ အကြိတ်အနယ်ရှိမည့် ပွဲကြီးပွဲကောင်းပင်ဖြစ်ကြောင်း"ပြောကြားသည်။



**ဒီဇင်ဘာ ၁၇ ရက်က ယှဉ်ပြိုင်ကစားသည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် အင်ဒိုနီးရှား(ယူ-၂၃) အသင်းတို့၏ ပွဲစဉ်တွင် ပွဲစဉ်အလိုက် အကောင်းဆုံးဆုရရှိသွားသော မြန်မာ့လက်ရွေးစင်အသင်းမှ အသင်းခေါင်းဆောင် စိုးမြတ်မင်းအား I.B.T.C ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်က ဆုငွေချီးမြှင့်စဉ်။**

## ဦးတင်မြင့်အောင်

ဆက်လက်၍ မြန်မာ(ယူ-၂၃) အသင်းနည်းပြ ဦးတင်မြင့်အောင်က ရှင်းလင်းပြောကြားရာ "မိမိတို့အသင်းအနေဖြင့် ကြိုတင်လေ့ကျင့်ချိန်နည်းခဲ့သဖြင့် ကစားသမားများကို စမ်းသပ်ပြောင်းလဲနေရသည့်အနေအထားဖြစ်ကြောင်း၊ ကစားသမား တစ်ဦးချင်းကိုပေးအပ်ထားသည့် Duty နှင့် Function ပိုင်းကို ကျေညက်မှုရှိအောင် လေ့ကျင့်ပေးလျက်ရှိကြောင်း၊ ကစားသမား အပြောင်းအလဲအနည်းငယ်သာရှိမည်ဖြစ်ကြောင်း၊ မိမိတို့အသင်းမှ ကစားသမား ၁၈ ဦးစလုံးသည် First Line-Up ကစားသမားများပင်ဖြစ်ကြောင်း၊ မိမိကိုယ်တိုင်လက်ရွေးစင်ကစားသမားဖြစ်ခဲ့၍ ကစားသည့်ပွဲတိုင်းနိုင်ရမည်ဟု ခံယူထားကြောင်း၊ လက်ရှိအနေအထား၌ လေးသင်းထဲတွင် မြန်မာ့လက်ရွေးစင်အသင်း အကောင်းဆုံးဖြစ်ပါကြောင်း၊ ဘောလုံးပွဲ အနိုင်အရှုံးကို ကြိုတင်တွက်ဆရန်မလွယ်ပါကြောင်း၊ ကစားသည့်အခါ Performance ကောင်းလျှင်ကောင်းသလောက် အသာရမည်ဖြစ်ကြောင်း၊ မည်သည့်အသင်း ဗိုလ်လုပွဲတက်ရောက်နိုင်မည်ဆိုရာတွင် နည်းပြတစ်ဦးချင်း၏အပေါ်၌ မူတည်ပါကြောင်း၊ သရေကျလျှင် ဗိုလ်လုပွဲတက်မည်ဖြစ်သော်လည်း အနိုင်ရအောင် ကစားမည်ဖြစ်ကြောင်း" ပြောကြားသည်။

## အင်ဒိုနီးရှားနည်းပြ

ထို့နောက် အင်ဒိုနီးရှား(ယူ-၂၃) အသင်းနည်းပြ ရာဟင်က ပြောကြားရာ "မြန်မာအသင်းနှစ်သင်းအနက် တစ်သင်းဗိုလ်လုပွဲတက်မည်ဖြစ်ကြောင်း၊ ဗိုလ်လုပွဲ၌ မိမိတို့ မြန်မာအသင်းနှင့်ကစားရမည်ဟုထင်ပါကြောင်း၊ မိမိတို့အသင်းမှ ကစားသမား လေးယောက် ထိခိုက်ဒဏ်ရာရရှိထားကြောင်း၊ ပထမတာထွက်ကစားသမားနှင့် အရန်ကစားသမားများ အရည်အချင်းမကွာ၍ ပြဿနာကြီးကြီးမားမားမရှိပါကြောင်း၊ မလေးရှား (ယူ-၂၃)အသင်းမှာ နည်းဗျူဟာ ကောင်းမွန်၍ မြန်မာ့လက်ရွေးစင်အသင်းကို အနိုင်ရရှိခြင်းဖြစ်ကြောင်း၊ မလေးရှားအသင်းမှ ကျောနံပါတ်(၁၄)ကို အထူးဂရုစိုက်ရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အနိုင်ကစားရုံမှတစ်ပါး ရွေးစရာလမ်းမရှိကြောင်း၊ ပထမပွဲ၌ ဒိုင်လူကြီး၏အဆုံးအဖြတ်များ မှားယွင်းမှုအချို့ရှိခဲ့ကြောင်း၊ ဒိုင်လူကြီးများ တရားမျှတမှုရှိရန်လိုကြောင်း၊ ပြီးခဲ့သည့် နှစ်ပွဲထက် ပိုကောင်းအောင်ကစားနိုင်မည်ဟု ယုံကြည်ပါကြောင်း" ပြောကြားသည်။



**၂၀၀၆ခုနှစ် ဒုတိယအကြိမ် ဂရင်းရွိုင်ရယ်ဖလား နိုင်ငံတကာဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားမှုကို မန္တလေးမြို့ခံပရိသတ်၏ တစ်ခဲနက် အားပေးမှုကို ဤသို့တွေ့ရသည်။**

## ဦးဆန်းဝင်း

ဆက်လက်၍ မြန်မာ့လက်ရွေးစင်အသင်းနည်းပြ ဦးဆန်းဝင်းက ရှင်းလင်းပြောကြားရာ "ပြိုင်ပွဲမစတင်မီ မိမိပြောကြားခဲ့သည့်အတိုင်း ပွဲတိုင်းကို ခက်ခက်ခဲခဲ ကစားရမည်ဖြစ်ကြောင်း၊ ၂၀၀၅ ခုနှစ် ဂရင်းရွိုင်ရယ်ဖလား နိုင်ငံတကာဘောလုံးပြိုင်ပွဲထက် ၂၀၀၆ ခုနှစ် ဂရင်းရွိုင်ရယ်ဖလား ဘောလုံးပြိုင်ပွဲက ပို၍အကြိတ်အနယ်ရှိပြီး ဗိုလ်စွဲရန်ခက်ခဲကြောင်း၊ မိမိတို့အသင်းမှ တိုက်စစ်မှူးစည်သူဝင်း တံတောင်ဆစ်အရွတ်နာသွား၍ ကစားနိုင်မည်မဟုတ်ကြောင်း၊ အသင်းခေါင်းဆောင် စိုးမြတ်မင်း ပွဲဆက်များ၍ ပင်ပန်းမှုဒဏ်ခံရသော်လည်း ကစားနိုင်မည်ဖြစ်ကြောင်း၊ မလေးရှား(ယူ- ၂၃)အသင်းကို ရှုံးနိမ့်ခဲ့၍ မိမိတို့အသင်းသားများ ခံစားမှုတော့ရှိပါကြောင်း၊ သို့သော်ဘောလုံးကစားသည့်အခါ ရှုံးတာနိုင်တာရှိမည်ဖြစ်ကြောင်း၊ ဘောလုံးပွဲတစ်ပွဲရှုံးသွား၍ ဘောလုံးသမားဘဝ မသေပါကြောင်း၊ မိမိဘောလုံးနည်းပြလုပ်သည်မှာ အရှုံးနှင့် ရင်ဆိုင်ရသည့်အခါ နောက်ဆုတ်ထွက်သွားရန်မဟုတ်ကြောင်း၊ မိမိတို့တာဝန်ယူဆောင်ရွက်ရသည့် အနေအထားကို နိုင်ငံတကာနှင့်ယှဉ်ပြီး ပြော၍မရနိုင်ကြောင်း၊ မာဒေးကားဖလားပွဲ၌ ချန်ပီယံဆုဖလားရခဲ့သည်မှာ ခွဲကောင်းသလို ကံကောင်းတာလဲပါကြောင်း၊ ပြီးခဲ့သည့်အမှားများကိုပြင်ဆင်ပြီး ချန်ပီယံဆုဖလားရသည်အထိ ရည်မှန်းယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း"ပြောကြားသည်။

## ပံ့ပိုးကူညီ

Grand Royal Challenge Cup 2006 ဖြစ်မြောက်ရေးအတွက် International Beverages Trading Co., Ltd. က အဓိကပံ့ပိုးပြီး Co., Sponsors များအဖြစ် Air Bagan, Hotel Mandalay, Mitsubishi Electric, Super Lemon Tea, Laser သွားတိုက်ဆေး၊ One Tea နို့ဆီနှင့် Asia အချိုရည်တို့က ပံ့ပိုးကူညီကြကြောင်း သိရသည်။

ဒုတိယအကြိမ်ဂရင်းရွိုင်ရယ်ဖလား နိုင်ငံတကာဘောလုံးပြိုင်ပွဲ၏ တတိယပွဲစဉ်များသည် ပြိုင်ပွဲဝင်လေးသင်းစလုံးအတွက် မျှော်လင့်ချက်ကိုယ်စီရှိနေဆဲဖြစ်၍ အကြိတ်အနယ်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ မြန်မာ(ယူ-၂၃)အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းတို့၏ပွဲစဉ်မှာလည်း တစ်သင်းနှင့်တစ်သင်း ညှာ၍မရဘဲ ရေကုန်ရေခန်းကစားရမည်ဖြစ်သည်။ ယနေ့ပွဲစဉ်၌ မြန်မာ(ယူ-၂၃)အသင်းနိုင်သွားမည်ဆိုပါက ဗိုလ်လုပွဲ၌ မြန်မာနိုင်ငံမှ နှစ်သင်းဆုံတွေ့လျှင် ကြည့်ကောင်းပါ့မလားဟူသောအတွေးများလည်း ပေါ်လာစရာအကြောင်း မရှိနိုင်တော့ကြောင်း သတင်းစကားရေးသားပေးပို့လိုက်ရပါသည်။ ॥ **(မြန်မာ့အလင်း)**

သတင်းရေးသားပေးပို့သူ - ကိုထွေး

# ကမ္ဘာတစ်လွှား အားကစား

## တိုက်စစ်မှူး ဂျွန်ဆင်အား မော်ရင်ဟိုစွပ်စွဲမှု အဲဗာတန်က အက်ဖ်အေသို့ တိုင်ကြားမည်ဆို

**လန်ဒန် ဒီဇင်ဘာ ၂၀**

ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက အဲဗာတန်တိုက်စစ်မှူး အင်ဒရူးဂျွန်ဆင်အား ဝေဖန်ခဲ့ခြင်းကို အဲဗာတန်က အက်ဖ်အေသို့ တိုင်ကြားမည်ဟု ပြောကြားလိုက်သည်။

**စွပ်စွဲပြောဆို**

ချယ်လ်ဆီးနှင့် အဲဗာတန်တို့သည် ဒီဇင်ဘာ ၁၇ ရက်က ပရီမီယာလိဂ်ပွဲစဉ်(၁၈)အဖြစ် ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်လ်ဆီးက သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယင်းပြိုင်ပွဲအပြီးမော်ရင်ဟိုက ဂျွန်ဆင်အား အင်္ဂလန်သား ဒိုင်ဗင်သမားဟု စွပ်စွဲပြောဆိုလိုက်သည်။

ဂျွန်ဆင်အား ပယ်နယ်တီဂိုးရရှိရန် ချယ်လ်ဆီး ဂိုးဧရိယာအတွင်း ဒိုင်ဗင်ထိုးချခဲ့သည်ဟု စွပ်စွဲခဲ့ခြင်းဖြစ်သည်။



**အဲဗာတန်တိုက်စစ်မှူးအား ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက ဤသို့ ဝေဖန်ခဲ့သည်။** (ဓာတ်ပုံ–အင်တာနက်)

ထိုကိစ္စနှင့်ပတ်သက်ပြီး ဂျွန်ဆင်၏ အေးဂျင့်နှင့်အတူ အဲဗာတန်က ပူးတွဲကြေညာချက် ထုတ်ပြန်လိုက်သည်။ ထိုသို့ မော်ရင်ဟိုက စွပ်စွဲခဲ့၍ ဂျွန်ဆင်၏ဂုဏ်သိက္ခာနှင့် ရိုးသားမှုကို ထိခိုက်စေကြောင်း အဲဗာတန်က ပြောကြားသည်။

မိမိအနေဖြင့် ချယ်လ်ဆီးဂိုးသမားကို တိုက်မိမည်စိုး၍ ခုန်ကျော်လိုက်ခြင်းသာဖြစ်ကြောင်း ဒိုင်ဗင်ထိုးချရန် မစဉ်းစားခဲ့ကြောင်း ဂျွန်ဆင်က ပြောကြားသည်။ **(အင်တာနက်)**

**စုစည်းတင်ပြသူ–မောင်မောင်မြင့်ဆွေ**



**ဝက်စ်ဟမ်းအသင်းခေါင်းဆောင် ကိုကာ။** (ဓာတ်ပုံ–အင်တာနက်)

## ဝက်စ်ဟမ်း အသင်းခေါင်းဆောင် မုန်းတီးမှု အီးမေးလ်လက်ခံရရှိ

**လန်ဒန် ဒီဇင်ဘာ ၂၀**

ဝက်စ်ဟမ်းအသင်းခေါင်းဆောင် နီဂျယ်ရီယိုကိုကာသည် မကြာမီက ၎င်းအားမုန်းတီးရေး အီးမေးလ်တစ်စောင် လက်ခံရရှိခဲ့သည်ဟုဆိုသည်။

အချို့ပရိသတ်များက နည်းပြ အလန်ပါဂျူး နုတ်ထွက်သွားခဲ့၍ ၎င်းအား ပြစ်တင်ပြောဆိုခဲ့ပြီး မန်ချက်စတာယူနိုက်တက်အသင်းအား အနိုင်မရမီ အဆိုပါ အီးမေးလ်ကို ဝက်စ်ဟမ်းက လက်ခံရရှိခဲ့သည်။

**ဆွေးနွေးရေးစီစဉ်**

ကွင်းလယ်ကစားသမား ကိုကာသည် နည်းပြသစ်အလန်ကာဘစ်ရှ်လေအား ပထမဆုံးအောင်ပွဲခံနိုင်ရန် ပရီမီယာလိဂ်ထိပ်တန်းအသင်း မန်ယူကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိရာတွင် အနိုင်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ အသက်(၂၂)နှစ်ရှိ အဆိုပါ ကွင်းလယ်ကစားသမားသည် ပရီမီယာလိဂ်ထိပ်တန်းအသင်းကြီးများသို့ ပြောင်းရွှေ့ရန် ၎င်း၏အနာဂတ်နှင့်ပတ်သက်၍ နည်းပြကာဘစ်ရှ်လေနှင့် ဆွေးနွေးရေး စီစဉ်လျက်ရှိသည်။

မိမိအနေဖြင့် ဝက်စ်ဟမ်းအသင်းတွင် ကစားရသည်မှာ ပျော်ရွှင်သော်လည်း နည်းပြသစ်လက်ထက်တွင် မည်မျှကြာအောင် ကစားနိုင်မည်ကိုမသိဟု ကိုကာက ပြောကြားလိုက်သည်။ **(အင်တာနက်)**

## ချယ်လ်ဆီးဂိုးသမား ပီတာဆက်ချ် ဇန်နဝါရီလတွင် ပြန်ဖမ်းနိုင်ဖွယ်ရှိ

**လန်ဒန် ဒီဇင်ဘာ ၂၀**

ချယ်လ်ဆီးဂိုးသမား ပီတာဆက်ချ်သည် ဇန်နဝါရီလတွင် ပြန်ဖမ်းနိုင်ဖွယ်ရှိကြောင်း နည်းပြမော်ရင်ဟိုက ပြောကြားလိုက်သည်။

**ပြောကြား**

အသက် (၂၄) နှစ်ရှိ ပီတာဆက်ချ်သည် အောက်တိုဘာလလယ်က ရက်ဒင်းမှ စတီဖင်ဟန့်နှင့် တိုက်မိပြီး ဦးခေါင်းခွံကွဲအက်၍ ဆေးကုသမှုခံယူခဲ့ရာ ယခုနှစ် ရာသီတွင် ပြန်ကစားနိုင်ရန် မျှော်လင့်မထားခဲ့ဟု ဆိုသည်။ သို့သော် ဂိုးသမားပီတာဆက်ချ်သည် မကြာမီ ပြန်ကစားနိုင်တော့မည်ဖြစ်ကြောင်း မော်ရင်ဟိုက ပြောကြားလိုက်သည်။



**ချယ်လ်ဆီးဂိုးသမား ပီတာဆက်ချ်။** (ဓာတ်ပုံ–အင်တာနက်)

မိမိအပါအဝင် လူအများစုက ပီတာဆက်ချ် ပြန်ကစားနိုင်လိမ့်မည်ဟု မျှော်လင့်မထားခဲ့ကြောင်း၊ သို့ရာတွင် ၎င်းသည် ဇန်နဝါရီလ သို့မဟုတ် ဖေဖော်ဝါရီလတွင် ပြန်လာနိုင်လိမ့်မည်ဖြစ်ကြောင်း မော်ရင်ဟိုက ပြောကြားသည်။ **(အင်တာနက်)**

## ကားလင်းဖလား ကွာတားဖိုင်နယ်ပွဲ ဝိုင်ကွမ်ဘီက ချာလ်တန်ကိုနိုင်ပြီး အကြိုဗိုလ်လုပွဲတက်

**ရေးသားတင်ပြသူ မြင့်မောင်စိုး**

လန်ဒန် ဒီဇင်ဘာ ၂၀

**ကားလင်းဖလား ကွာတားဖိုင်နယ် ဘောလုံးပြိုင်ပွဲများကို ဒီဇင်ဘာ ၁၉ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဝိုင်ကွမ်ဘီက ချာလ်တန်အသင်းကို အဝေးကွင်း ကစားပြီး အနိုင်ရရှိသွားသည်။**

ပရီမီယာလိဂ် အသင်းကြီးများဖြစ်သော လီဗာပူးနှင့် အာဆင်နယ်အသင်းတို့ ဒီဇင်ဘာ ၁၉ရက် ညပိုင်းက ကားလင်းဖလား ကွာတားဖိုင်နယ်ပွဲအဖြစ် ယှဉ်ပြိုင်ကစားရန် စီစဉ်ထားသော်လည်း ရက်ရွှေ့သွားခဲ့သည်။

**အနိုင်ဂိုးသွင်း**

ဝိုင်ကွမ်ဘီအသင်းသည် ပရီမီယာလိဂ်အသင်းဖြစ်သော ချာလ်တန်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဝိုင်ကွမ်ဘီအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၃၅ မိနစ်တွင် အီစတာက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ဝိုင်ကွမ်ဘီအသင်းသည် ကားလင်းဖလား အကြိုဗိုလ်လုပွဲသို့ ပထမဆုံး တက်ရောက်လာခြင်းဖြစ်သည်။ အာဆင်နယ်၊ လီဗာပူးနှင့် ချယ်လ်ဆီး၊ တော့တင်ဟမ်သို့မဟုတ် ဆောက်အင်း အသင်းများထဲမှ တစ်သင်းသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ရမည် ဖြစ်သည်။

အဆိုပါအသင်းသည် ကားလင်းဖလားပြိုင်ပွဲအဖြစ် ယခုပွဲ ချာလ်တန်အသင်းကို အနိုင်ရလိုက်သကဲ့သို့ ဖူလ်ဟမ်အသင်းကိုလည်း အနိုင်ရပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**



**ချာလ်တန်အသင်းမှ အင်ဒီဖာရေး**(အလယ်) **အကောင်းဆုံးဂိုးသွင်းခွင့်ရသော်လည်း ဂိုးမဝင်ခဲ့ပေ။**

## မန်ယူကအလိုရှိနေသော ဟားဂရေ့ဗ် အင်္ဂလန်သို့ ပြန်နိုင်မည်ဟု ဘိုင်ယန်မြူးနစ်ပြောကြား

**လန်ဒန် ဒီဇင်ဘာ ၂၀**

မန်ချက်စတာယူနိုက်တက်က ခေါ်ယူရန် ကြိုးစားနေသော အိုဝင်ဟားဂရေ့ဗ်သည် အင်္ဂလန်သို့ ပြောင်းရွှေ့ကစားနိုင်ဖွယ်ရှိကြောင်း ဘိုင်ယန်မြူးနစ်အသင်းက အရိပ်အမြွက် ပြောကြားလိုက်သည်။



**ဘိုင်ယန်မြူးနစ်ကစားသမား အိုဝင်ဟားဂရေ့ဗ်**

မန်ယူက ၎င်းအား မကြာမီက ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ အသက်(၂၅)နှစ်ရှိ အင်္ဂလန် ကွင်းလယ်ကစားသမား ဟားဂရေ့ဗ်အား ရောင်းချရန် မဟုတ်ကြောင်း ဘိုင်ယန်မြူးနစ်က ပြောကြားထားသည်။

သို့ရာတွင် ၎င်းနေရာ၌ အိုဝင်အား ခေါ်ယူအစားထိုးနိုင်ခဲ့လျှင်ဖြစ်နိုင်သည်ဟုဘိုင်ယန်မြူးနစ် အထွေထွေမန်နေဂျာ ယူလီဟောလစ်က ပြောကြားလိုက်သည်။ လာမည့်ဇန်နဝါရီလတွင် မဖြစ်နိုင်သေးသော်လည်း လာမည့်နွေရာသီတွင် ဖြစ်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မိမိတို့ ဘိုင်ယန်မြူးနစ်အသင်းသည် ဖေဖော်ဝါရီလတွင် ချန်ပီယံလိဂ်ပြိုင်ပွဲအဖြစ် ရီးရဲမက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ရန်ရှိကြောင်း၊ အသင်းအင်အား တောင့်တင်းမှုရှိရန်အတွက် ရောင်းချနိုင်စွမ်းမရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

**ဝီဂန်ကွင်းလယ်ကစားသမား မက်ကူလော့**



## ဝီဂန်ကွင်းလယ်ကစားသမား မက်ကူလော့ အက်ဖ်အေက သုံးပွဲပိတ်ပင်

**လန်ဒန် ဒီဇင်ဘာ ၂၀**

ဝီဂန် ကွင်းလယ်ကစားသမား မက်ကူလော့အား ကြမ်းတမ်းစွာ ကစားခဲ့၍ အက်ဖ်အေက သုံးပွဲပိတ်ပင်လိုက်သည်။

မက်ကူလော့သည် ဝီဂန်က အိမ်ကွင်း၌ ရက်ဖီးအသင်းကို ယခင်အပတ်က တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရလိုက်သော ပွဲတွင် ရက်ဖီးအသင်းခေါင်းဆောင် ခရစ်မီဂန်အား ကြမ်းတမ်းစွာ ကစားခဲ့ကြောင်း ကင်မရာမှတ်တမ်းတွင် ဖော်ပြခဲ့သည်။

ထိုကိစ္စနှင့်ပတ်သက်ပြီး မက်ကူလော့က မီဂန်အား တောင်းပန်ခဲ့သည်။ ၎င်းသည် ချယ်လ်ဆီး၊ မန်ချက်စတာယူနိုက်တက်နှင့် ဝက်ဖို့ဒ်အသင်းများနှင့် ယှဉ်ပြိုင်ရာတွင် ပါဝင်နိုင်မည်မဟုတ်ချေ။ **(အင်တာနက်)**

# ထူးခြားသော သံမဏိ အနုပညာပြပွဲမြင်ကွင်းအဖုံဖုံ

ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက် National Museum တွင် ဒီဇင်ဘာ၁၀ရက်မှ ၁၃ရက်အထိ ပြသလျက်ရှိသည့် Project Pre-Show Presented by Shar Nyoသို့ ရောက်ခဲ့သည်။ Untitled Sculpture… Stainless Steelဟု ပုံတိုင်းနီးပါးမှာ ဆိုထားသဖြင့် သံမဏိဖြင့် ထုလုပ်ထားသော ခေါင်းစဉ်မရှိ ပန်းပုများဟု ခံစားမိသည်။

ပြသထားရာ ခန်းမတွင်းသို့ရောက်သည်နှင့် ထူးဆန်းသော ကမ္ဘာတစ်ခုသို့ ရောက်သွားသလို ခံစားရသည်။ ထူးထူးဆန်းဆန်း အံ့အံ့သြသြတွေ ဖြစ်ရသည်။ သို့သော် ခင်းကျင်းပြသထားသည့် လက်ရာများက ကျွန်မတို့ နေ့စဉ်တွေ့နေရသည့် အရာဝတ္ထုတွေပါ။ Untitled Sculpture 011 Stainless Steel သည် သော့ချိတ်တစ်ခု ဖြစ်ပါသည်။ ကက်တလောက်စာအုပ်ပါ ထိုသော့ချိတ်ပုံကို ညွှန်းဆိုထားသောစာပုဒ်မှာ–

'…လှေကားတစ်ခု၊ ထိုင်ခုံတစ်လုံး၊ သော့ချိတ်တစ်ခု အစရှိသဖြင့် …ဒါတွေဟာ တစ်ချိန်တည်းမှာ ကြည့်စရာရော အသုံးချပစ္စည်းပါ တစ်ပြိုင်တည်းဖြစ်တယ်။ အသုံးဝင်မှုတန်ဖိုးနဲ့ မြတ်နိုးမှုတန်ဖိုးဆိုတာ နှစ်ခုရဲ့အကြား နယ်နိမိတ်ကျဉ်းဟာ ဝေဝါးသွားပါပြီ။ Stair,chair, key-chain etc;… These are the things both for viewing and for use at the same time. The demarcation line between the value of an are-work and its usefulness become obscure ဟူ၍ ဆိုထားပါသည်။

အသုံးဝင်သဖြင့် အသုံးချပစ္စည်း ဖြစ်ရသည်။ ကြည့်စရာဖြစ်သဖြင့် မြတ်နိုးစရာ ပစ္စည်းလည်း ဖြစ်ရသည်။ အသုံးမဝင်လျှင် အသုံးချပစ္စည်း မဟုတ်သလို၊ မမြတ်နိုးလျှင်လည်း ကြည့်မိလိမ့်မည်မဟုတ်ဟု ဆိုဟန်တူသည်။ ၎င်းပစ္စည်းများ၏ နောက်ကွယ်တွင် အမှတ်တရဖြစ်စရာ တစ်ခုခုတော့ ရှိနေပါလိမ့်မည်။ ဥပမာ–သော့ချိတ်သည် ချစ်ခင်သူကပေးသော သော့ချိတ်ဖြစ်လျှင်၊ လှေကားသည် ချစ်ခင်သူနှင့်အတူ တက်ခဲ့၊ ဆင်းခဲ့ဖူးသော လှေကားဖြစ်လျှင်….။ ဖန်တီးပြသချက်တို့သည် နောက်ကွယ်မှာ အကြောင်းအရာတစ်ခုခုကို မြှုပ်နှံထားလေသလား။

သို့နှင့် Untitled 012ကို ခံစားရာ စားပွဲလွတ်တစ်လုံးဖြစ်နေသည်။ ကက်တလောက်စာအုပ်ပါ အညွှန်းစာက ..သင့်ရဲ့ စိတ်ကူးနယ်ကို ရုပ်ဝတ္ထုတစ်ခုက ထိန်းချုပ်တာကို မခံပါနဲ့။ ခုံလွတ်တစ်လုံးပေါ်မှာ သင်မြင်ချင်ရာ မြင်ပစ်လိုက်လို့ ရပါတယ်။ တစ်နည်းအားဖြင့်ဆိုရင်တော့ ဒါဟာ ဗလာပုံသဏ္ဌာန်မှာရှိတဲ့ ပန်းပုတစ်ခုပေါ့။ Don't obey the control of an object. You can be possible to see whatever you wish. In other words,it is the sculpture in empty form. ဤပုံပြင်၌လည်း ခံစားမှုတစ်ခုကို ဖမ်းဆုပ်မိပါသည်။ မြင်ချင်ရာ မြင်တယ်ဆိုတာ စိတ်ထဲမှာ အာရုံရှိနှင့်မှသာ မြင်နိုင်ပါမည်။ အမှတ်တရတစ်ခုခုကို မြင်မည်။ ခါးသည်းမှုတစ်ခုခုကိုလည်း မြင်မည်။ လတ်တလော စိတ်ထဲမှာ ငြိနေသောအရာတစ်ခုခုကိုလည်း ဖြစ်မည်။ ဥပမာ–ကွယ်လွန်ပြီးသော ဖခင်ရဲ့မွေးနေ့သို့မဟုတ် ကွယ်လွန်နေ့ဆိုရင် ဖခင် ဓာတ်ပုံလေး ထောင်ထားသလို မြင်မည်။ ဉာဏ်လေးအော်သံကြောင့် အိပ်ရာမှ နိုးခဲ့သူဆိုရင် ကံ့ကော်



သရုပ်ဆောင် သျှားညို၏ Project Pre-Show အနုပညာပြခန်းမြင်ကွင်းကို ဤသို့တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

ပွင့်တွေကို မြင်ယောင်မည်။ ဝေဒနာခံစားနေရသူ တစ်ယောက်ဆိုရင်တော့ ဖန်ရေတကောင်းလေး တင်လျက်သားမြင်မည်။

ဆက်ပြီး ခံစားကြည့်ချင်သည်နှင့် …စိတ်အာရုံရောက်သည်က လွတ်လပ်ရေးကျောက်တိုင်ပုံ ဖြစ်သည်။ ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံထဲရှိ လွတ်လပ်ရေးကျောက်တိုင်ပုံ Untitled Sculpture 023 Stainless Steel တစ်ဆက်တည်း ခံစားမိတာ သိမ်ကြီးဈေးရှိရာ ရွှေတိဂုံဘုရားလမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ လူကူးခုံးကျော်တံတား Untitled Sculpture 021 Stainless Steel၊ ထို့နောက် မြစ်ကူးတံတားတစ်စင်း Untitled Sculpture 022။ နောက်ထပ်ခံစားမိသည်က ရန်ကုန်မြို့ လှည်းတန်းရှိ ပြည်မြန်မာကုန်တိုက်(မိမိအထင်) Untitled Sculpture 033, Stainless Steel။ ဒါတွေရဲ့ ဘယ်ဖက်စာမျက်နှာရှိ စာသားမှာ တံတား…တဲ့။ လှေကား…တဲ့။ တိုးဂိတ်…တဲ့။ တယ်လီဖုန်းရုံ…တဲ့။ ဘတ်စ်ကားဂိတ်…တဲ့။ ကျောက်တိုင်…တဲ့။ မျှော်စင်…တဲ့။ ကားဂိတ်…တဲ့။ ကုန်တိုက်…တဲ့။ ပြတိုက်…တဲ့။ မီးသင်္ဂြိုဟ်…တဲ့။ တဲ့…တဲ့…တဲ့…တဲ့…တဲ့…တဲ့…တဲ့…တဲ့။ So called Bridge…So called Stair... So called tour-gate...So called bus-stop...So called stone-Pillar... So called tour...So called Tower... So called emporium... So called Museum...So called crematorium...So called...So called... So called...So called...So called.

မမြင်ရတဲ့ ရုပ်ပုံတွေ၊ မကြားရတဲ့ အသံတွေ၊ မသိရသေးတဲ့ အချက်အလက်တွေ။ ဒါတွေအားလုံးဟာ မြင်ပြီး၊ ကြားပြီး၊ သိပြီးတာတွေနဲ့ ရောထွေးသွားတဲ့အခါ။

မမြင်ရတဲ့ အရာတွေကို မယုံကြည်သလိုဘဲ သင့်ရှေ့မှောက်က အရာတွေကိုလည်း မယုံပါနဲ့။ မသိသေးတဲ့အရာတွေကို မယုံကြည်သလိုဘဲ သိပြီးသား အရာတွေကိုလည်း မယုံပါနဲ့။ မယုံပါနဲ့။ မယုံပါနဲ့။မယုံပါနဲ့။ ကျွန်တော်ပြောတာကို မယုံကြည်သလိုဘဲ။ ဟောဒီ ပန်းပုတွေ ပြောတာကိုလည်း 'မယုံပါနဲ့။ မယုံပါနဲ့လို့ ပြောတာကိုလည်း မယုံပါနဲ့။

ဒီစာပုဒ်သည် တံတား၊ လှေကား၊ တိုးဂိတ်၊ တယ်လီဖုန်းရုံ… စသည့် လူတို့ဆောက်လုပ်ထားသော အဆောက်အအုံများသည် မြင်ပြီး ကြားပြီး၊ သိပြီးသော အကြောင်းအရာများနှင့်လည်းကောင်း၊ မမြင်၊မကြား မသိသေးသော အကြောင်းအရာများနှင့်လည်းကောင်း ဆက်နွှယ် ရောထွေးနိုင်သည်။ ဥပမာ–တံတားတစ်စင်းသည် သူမဖြစ်ပေါ်မီက လူတို့ ဒုက္ခများ၊ အဆင်မပြေမှုများ၊ အဆင်ပြေပြီးမှ အဆင်မပြေမှုများ၊ သုခများ၊ အဆင်ပြေမှုများ သူ့ကိုတည်ဆောက်ပြီး ဖြစ်ပေါ်လာသော အဆင်ပြေမှုများ၊ အဆင်

## ဒေါက်တာခင်မြင့်ဦး

မပြေခင်က အဆင်မပြေမှုများ…ထိုအရာတွေ ရောထွေးမှုသည် လူ့သမိုင်းမှာ အတူပါဝင်နိုင်သည်။ ထို့တူစွာ လွတ်လပ်ရေးကျောက်တိုင်သည်လည်း သူ့ကို မတည်ဆောက်မီကာလ၊ သူတည်ဆောက်ပြီးကာလ လူ့သမိုင်း၊ လူ့ဖြစ်စဉ်များ ပေါင်းစပ်ပါဝင်နေသည်။

'မယုံပါနဲ့'ဆိုတာကတော့ မိမိတို့၏ မိမိပိုင် ဆင်ခြင်တုံတရားကို နှိုးဆွဟန်ရှိသည်။ အရာအားလုံးသည် မမှန်၊ မကန်မှု ရောထွေးကောင်း ရောထွေးနိုင်သည်။ အရာရာမှာ မှန်ကန်မှု အသေအချာရှိပြီပဲထား… မိမိတို့ မယုံတတ်ပြီ။ မယုံနဲ့ဆိုရင်လည်း မယုံချင်။ ယုံပါပြောရင်လည်း မယုံချင်။ ဤသို့ ဆိုဟန်တူသည်။

သျှားညိုသည် တစ်နေရာမှာ…ဟောဒီမှာ ပန်းပုတစ်ခု၊ ကြီးမားလှတဲ့ အဓိပ္ပာယ်တွေ ထမ်းဆောင်ထားတဲ့ ပန်းပုပေါ့။ အဲဒီပန်းပုက သင်တို့ရဲ့ မှတ်ဉာဏ်တွေကို ထိုးဆွပြီး အရာပေါင်းများစွာကို သတိရစေပါလိမ့်မယ်။ ဘာမှမဟုတ်တဲ့ သက်မဲ့ပန်းပုတစ်ခုရဲ့ ဖြားယောင်းမှုကို သင်မခံယူပါနဲ့…တဲ့ ။

ဘာမှမဟုတ်တဲ့…ကို ordinoryဟု ပြန်ဆိုထားသည်ကို သတိပြုမိသည်။ ဘာမှမဟုတ်တဲ့ သက်မဲ့ပန်းပု…ဟု ဆိုထားသော်လည်း ရှေ့မှာတော့ ကြီးမားလှတဲ့ အဓိပ္ပာယ်တွေ ထမ်းဆောင်ထားတဲ့ ပန်းပုပေါ့ဟု ဆိုခဲ့သည်…the great meanings ဟု ပြန်ဆိုသည်။



**စတီးလ်များဖြင့် ပြုလုပ်ထားသော လွတ်လပ်ရေးကျောက်တိုင်ပုံကို ဤသို့ အနုပညာဆန်စွာ တင်ပြထားသည်။**

ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

ဤတွင် ပန်းပုဆရာ၏ သဘောသဘာဝကို မှန်းဆမိရသည်။ ရင်ထဲက နှလုံးသားနှင့် မြင်နေ၊ တွေ့နေရတာတွေနှင့် ပေါင်းစပ်ပြီး သူပန်းပုထုမည်။ ကြီးစွာ ထုလုပ်မည်။ ပြီးတော့ ထိုပန်းပုရုပ်၏ ဖြားယောင်းမှုကို သူမခံစားလိုပြီ။ အားထုတ်မှုအပြီး ခြေကုန်လက်ပန်းကျသော စိတ်ထားဖြင့် သူ့ဖြားယောင်းမှုကို ငါမခံယူလို၊ သူသည် ငါ့ကို ထုလုပ်ပြီးသည်ထိ ဖြားယောင်းပြီးပြီ။ ဘာကြောင့် သူဆက်လက် ဖြားယောင်းမှုကို ငါခံယူမည်လဲ။ ဘယ်သူမှလည်း မခံယူစေရ။ ဤသို့ ဖြစ်ပျက်ဟန်တူသည်။ ကက်တလောက်စာအုပ်ထဲမှာတော့ ထိုစာသားကို သချိုင်းတစ်ခု၏ မီးသင်္ဂြိုဟ်စက်ဖြစ်ဟန်တူသော အရုပ်ပုံနှင့် ယှဉ်ထားသည်။

ဖန်တီးသူ၏အကြောင်း အနည်းအကျဉ်း ပြောချင်ပါတယ်။ သက်ဦး (ခေါ်)သျှားညို။ အဖအမည် ဦးသာဌေး၊ အမိအမည် ဒေါ်ကြည်ခင်၊ မွေးသက္ကရာဇ် (၄–၆–၁၉၇၁)။ ပညာအရည်အချင်း B.Com၊ ပြသပြီးသော တစ်ကိုယ်တော်ပြပွဲများမှာ Untitled Volume One (12-16August, 2005) AZADA Gallery. Untitled Volume Two(14-15 September, 2005) Saysaryear Gallery။ သျှားညိုအား ဆက်သွယ်လိုပါက (၁၈/စီ) အင်းလျားမြိုင်လမ်း၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဆက်လက်ပြီး သျှားညိုအား ဒေါက်တာနရီမင်းက တွေ့မေးလုပ်ထားသည်တို့မှ အချို့ထုတ်နုတ်ပြပါရစေ။ Projectပြပွဲရဲ့ ခေါင်းစဉ်က Pre-Showဖြစ်နေခြင်းနှင့်ပတ်သက်ပြီး (ကျွန်တော့် Projectက လူအမျိုးမျိုး၊ အနေအထားအမျိုးမျိုး၊ နောက်ခံဆက်တင်အမျိုးမျိုး စသဖြင့်ပေါ့လေ။ ဒီပန်းပုလို့ သတ်မှတ်ထားတဲ့ အရာဝတ္ထုအပေါ် အဲဒီပတ်ဝန်းကျင်တွေဆီကနေ စီးဝင်လာမယ့် ရိုက်ခတ်ချက်တွေကို အဓိကထားပြချင်တာဆိုတော့ ပြတိုက်ထဲမှာ ပြထားမယ့် ပန်းပုဆိုတဲ့ အရာဝတ္ထုတွေရဲ့ ခင်းကျင်းထားမှုဟာ တကယ်တော့ အကြိုပြပွဲတစ်ခုသာ ဖြစ်သင့်တယ်လို့ ယူဆလိုက်မိလို့ပါ) ဟူ၍ လည်းကောင်း။ Steelအများစုကို သုံးရခြင်းအကြောင်းမှာ (စတီးလ်ရဲ့ သဘောက ဘာ Colourရယ်လို့မဟုတ်တဲ့ အရောင်မဲ့သဘော။ ဒါ့အပြင် သူ့မှာက Mirror Effect သူ့ဆီမှာလာပြီး ထင်မယ်။ အဲဒီသဘောကလေးကို ယူသုံးချင်တာပါ) ဟု ပြောဆိုသည်။

လှေကား၊ တံတား၊ ကျောက်တိုင်၊ တယ်လီဖုန်းရုံ၊ ဘတ်စ်ကားဂိတ် စသဖြင့် Representative Figure တွေ သုံးပြီးမှ ဘာလို့ Untitledလို့ တပ်သလဲဆိုသည်နှင့် စပ်လျဉ်း၍ (လူမှာပဲဖြစ်ဖြစ်၊ တခြားအရာ ဝတ္ထုတွေမှာပဲဖြစ်ဖြစ် ပုံသေအဓိပ္ပာယ် သတ်မှတ်ချက်ဆိုတာမျိုး မရှိဘူး။ ဒါပေမယ့် ယာယီအဓိပ္ပာယ် သတ်မှတ်ချက်တွေဆီကနေလည်း ဘယ်သူမှ ထွက်ပြေးလွတ်မြောက်မှု မရှိနိုင်ကြပါဘူး။ ကြံချောင်းတစ်ချောင်းကနေ ကြံရည်တွေ ညှစ်ထုတ်သလိုမျိုး အဓိပ္ပာယ်တွေ အားလုံးကို အရည်ညှစ်ချကြည့်လိုက်တာမျိုးပါ။ ဆိုပါတော့ …ပန်းပုတစ်ခုထဲကို သမိုင်းနဲ့ချီပြီး ကြီးမားလှတဲ့ အဓိပ္ပာယ်တွေ စိမ့်ဝင်နေတယ်။ အဲဒီလိုမျိုး ပန်းပုတစ်ခုဟာ ကျွန်တော်တို့ရဲ့ မှတ်ဉာဏ်တွေကို ထိုးဆွပြီး အရာတွေအများကြီးကို သတိရခိုင်းနေတယ်။ ဘာမှမဟုတ်တဲ့ သက်မဲ့ပန်းပုတစ်ခုရဲ့ ဖြားယောင်းမှုကို ခံနေရတာနဲ့ မတူဘူးလားလို့လည်း ကျွန်တော် စဉ်းစားကြည့်မိဖူးတယ်။ ဒီပန်းပုတွေက လူတွေကို ညွှန်းဆိုချက်တွေဆီ ဆွဲခေါ်ဖို့ ကြိုးစားနေတာပါ) ဟု ဆိုထားသည်။

နေ့ဘက်မှာ လူတွေဖြင့် ပြည့်သိပ်သော ဘတ်စ်ကားဂိတ်တို့၊ တံတားတို့၊ တယ်လီဖုန်းရုံတို့ဆိုတာတွေ ညမှာ သူ့ချည်း ဟာလာဟင်းလင်း ဒြပ်သားသက်သက်ဖြင့် ပြုလုပ်ထားသော ပစ္စည်းများသာ ဖြစ်နေသည်ကို ညလူခြေတိတ်ချိန် လျှောက်သွားရင်း တွေးမိ သိမြင်ခဲ့သည်။ ဤသို့ဆိုလျှင် နေ့ဘက်မှာ အသုံးပြုသူတွေဆီကလာပြီး ညဘက်မှာ ကြည့်သူဆီက လာမည်။ ထိုပစ္စည်းတွေက သူ့ကိုကြည့်သူကို ပြန်ကြည့်ခြင်းမှုလည်း လာသည်။ သျှားညို၏ Pre-Show သည် ဤအဖြစ်အပျက်မှ စတင်ခြင်းဖြစ်ပေသည်။ ။



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) ၃၅ ရပ်ကွက် ဗဟိုလမ်း အမှတ် ၄၇၀ နေ ရဲမှူးကြီး ဝင်းကြည်-ဒေါ်ခင်သန်းနွဲ့ မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့် ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဒေါက်တာ အရှင်ဝိစိတ္တ (ကဝ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

## လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေးသင်တန်းဖွင့်

**ရေနံချောင်း ဒီဇင်ဘာ ၁၈**

မကွေးတိုင်း ရေနံချောင်းမြို့နယ် အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၏ လုပ်ငန်း စွမ်းဆောင်ရည် မြှင့်မားရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၄ ရက် နံနက် ၈နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကိုယ်စား ရေနံချောင်းမြို့နယ် ဥက္ကဋ္ဌ ဦးကျော်စိုးလွင်က အဖွင့်အမှာ စကား ပြောကြားသည်။ **(၃၉၀)**



**ဖခင်ကြီး ဦးရွှေလှဖြူ-မိခင် ဒေါ်သာနု၊ ခင်ပွန်း ဦးစိန်လှ တို့အား ရည်စူး၍ ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်း သီရိမင်္ဂလာ ဥယျာဉ်အိမ်ရာ တိုက် စီ (၇) အခန်း (၂၀၂) နေ ဒေါ်စောလှ အသက် (၇၄) နှစ်ပြည့် မွေးနေ့အဖြစ် ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာ**တော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယက ဆရာတော်ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန)ဥက္ကဋ္ဌ သီဟသုမ္မ မဏိဇောတရဲဆင်မင်း ဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## စစ်ကွင်းအထက မြှတ်ဆရာပူဇော်ပွဲ

**စစ်ကွင်း ဒီဇင်ဘာ ၁၀**

စစ်ကွင်းအထကတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစား ဆရာ၊ ဆရာမကြီးများအား (၂၇)ကြိမ်မြောက် ပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၁၁ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အထက ရွှေရတုခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

အလှူငွေများကို ဦးသိန်းလှိုင် ဖုန်း-၅၆၃၅၆၃၊ ဦးမြင့်သိန်း ဖုန်း-၅၀၄၆၀၉၊ ဦးခင်ကြွယ် ဖုန်း-၅၃၄၁၂၈၊ ဦးသန်းစိန် ဖုန်း-၅၄၈၇၀၁၊ ဦးဝင်းမောင် ဖုန်း-၅၂၅၀၄၀၊ ဦးတင်ဝင်း ဖုန်း-၅၂၅၁၈၃၊ ဦးတင်အောင် ဖုန်း-၇၀၆၈၀၂နှင့် ဦးကြင်စိန် ဖုန်း-၀၅၃-၃၀၃၄၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**



**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁) မန္တလေးမြို့ ဝန်ထမ်းမိသားစုများ၏ (၁၄)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာပွဲကို ဒီဇင်ဘာ ၉ ရက်က ကျင်းပရာ ဘဏ်ခွဲ(၁) မန်နေဂျာ ဒေါ်မေဦးကျော်က ကထိန်လျာသင်္ကန်းနှင့် အလှူတော်ငွေကျပ် ၃၇ သိန်းကျော်တန်ဖိုးရှိ လှူဖွယ်ပစ္စည်းများကို ရန်ကင်းတောင်ခြေ ဆားတောင်ကျောင်းတိုက်ခွဲရှိ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

## ကျီတိုင်ကုန်းကျေးရွာ အလယ်တန်းကျောင်းခွဲ တိုးမြှင့်ဖွင့် မြတ်ရတနာကျောင်းဆောင်သစ် ပညာရေးဌာနသို့လွှဲပြောင်း

ပျော်ဘွယ် ဒီဇင်ဘာ ၈

**ပျော်ဘွယ်မြို့နယ် ကျီတိုင်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ တိုးမြှင့်ဖွင့်လှစ်ပွဲနှင့် မြတ်ရတနာ နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို ဒီဇင်ဘာ ၃ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။**

### တက်ရောက်

အခမ်းအနားသို့ ဘုန်းတော်ကြီးကျောင်းတိုက်ပဓာနနာယကဆရာတော် ဦးဝိမလနှင့် ဆရာတော်များ ကြွရောက်တော်မူကြပြီး နယ်မြေခံ တပ်နယ်မှူး ဗိုလ်မှူးချုပ်လှမြင့်၊ ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဦးခိုင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးစန်းငွေ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းဝင်း၊ မြို့နယ်ပညာရေးမှူး ဦးညို မောင်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ ဌာနဆိုင်ရာ တာဝန်ခံများ၊ ပညာရေးမိသားစုများ၊ ကျေးရွာအုပ်စုပြည်သူများ တက်ရောက်ကြသည်။

### ဖွင့်လှစ်

အခမ်းအနားတွင် ကျောင်းဆောင်သစ်ကို နာယကဆရာတော်၊ ခရိုင်ဥက္ကဋ္ဌနှင့် မြို့နယ်ပညာရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး နယ်မြေခံတပ်နယ်မှူးက ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

### လွှဲပြောင်း

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနား ကျင်းပရာ နယ်မြေခံတပ်နယ်မှူးက အမှာစကားပြောကြားပြီး ကျောင်းအကျိုးတော်ဆောင် ဦးသိန်းအောင်က ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသော စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးထံ ပေးအပ်သည်။

**(၂၅၀)**

## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ ခုနှစ်**
**ပြာသိုလဆန်း ၄ ရက်**
**၂၂-၁၂-၂၀၀၆**
**(သောကြာနေ့)**

**နံနက်ပိုင်း**

၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ရတနသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ကဏန်းမွေးမြူရေးအကြောင်း) (အပိုင်း-၂)
၁၁း၃၅ ထူးဆန်းထွေလာသတင်းပဒေသာ
၁၂း၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆောင်းရာသီတွင် ဆောင်ရန် ရှောင်ရန် အနေ အစား)
၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (အခုတော့ ပြီးနိုင်ပြီ)

**ညနေပိုင်း**

၁၆း၁၀ ရာသီခါမီတေးပန်းချီ
(၁) မျှော်ရတာလည်းကျွန်တော် လွမ်းရတာလည်းကျွန်တော် (သန်းမြတ်စိုး)
(၂) ဆောင်း (တင်တင်မြ)
(၃) ငွေနှင်းစိုစို (ကိုမြကြီး)
၁၇း၃၀ ရေဒီယိုမဂ္ဂဇင်း
(၁) သာယာလှပမိသားစုဘဝ (ခေါင်းကြီး)
(၂) ကြက်ဆိုလျှင် ကျက်အောင်ချက် (ဆောင်းပါးသရုပ်ဖော်)
၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (အချိုပေါ့ရမယ့်အချစ်)
၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (လူ့နှလုံးကျန်းမာရေးကို စစ်ဆေးခြင်း) (မောင်ဆုရှင်)
၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) အိပ်မပျော်သောညများ (စန္ဒရားလှထွဋ်)
(၂) အလှဆင်ပါဆောင်း (မြင့်မြင့်စိန်)
(၃) မပြည့်လေသော ကိုယ့်ဆုတောင်း (ဟသ်ာတအောင်တင်ဝင်း)

## အေအိုင်ဒီအက်စ်ရောဂါကာကွယ်ရေး ဟောပြော

**ရေဦး ဒီဇင်ဘာ ၁၀**

ရေဦးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့သည် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ပူးပေါင်း၍ နိုဝင်ဘာ ၂၉ ရက်က ရေဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်ရေး ပညာပေး ဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စန်းစန်းထွေးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ခင်သန်းမြင့်က အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်ရေးအကြောင်း ပညာပေး ဟောပြောပြီး အသင်းဝင် ဒေါက်တာ သီသီခိုင်က ငှက်ဖျားရောဂါ ကာကွယ်ရေးအကြောင်း၊ ဒေါ်ဖြူဖြူက အမျိုးသမီးများ ဖြစ်ပွားတတ်သည့် ရောဂါများနှင့် ဒေါ်သန်းငွေက ဆင်ခြေထောက်ရောဂါ ကာကွယ်ရေး အကြောင်း ပညာပေး ဟောပြောကြသည်။

**(အမျိုးသမီးရေးရာ)**



**သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော အုံမု-ပန်ခါး-ထန်စန့် ကျေးလက်မြေသားလမ်းအရှည် ၆ မိုင်ဖောက်လုပ်ခြင်း လုပ်ငန်းခွင်ကို နိုဝင်ဘာ ၂၆ရက်က ကျောက်မဲခရိုင် ဥက္ကဋ္ဌဦးဘဝင်းနှင့် သီပေါမြို့နယ် ဥက္ကဋ္ဌဦးခင်ကြည်တို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

## အမြို့မြို့ အနယ်နယ် သတင်းများ

**ပဲခူးတိုင်း ဝေါမြို့နယ် အားကစားနှင့်ကာယပညာကော်မတီက ကြီးမှူး၍ ဒီဇင်ဘာလ လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ၂ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်နု၊ မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနဦးစီးမှူး ဦးကျော်နိုင်စိုးနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ ပါဝင်ဆင်နွှဲ လမ်းလျှောက်ကြစဉ်။** (မြို့နယ် အား/ကာ)



## အရန်သားမွေးမြူသင်တန်း ကျောက်ကြီး၌ဖွင့်

**ကျောက်ကြီး ဒီဇင်ဘာ ၈**

ကျောက်ကြီးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ အရန်သားဖွားသင်တန်း ဖွင့်ပွဲကို နိုဝင်ဘာ ၁၀ ရက် နံနက် ၁၀နာရီက ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

### ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မော်မော်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာသက်သက်ဝင်းက သင်တန်း ဖွင့်လှစ်ရသော ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားသည်။ သင်တန်းသို့ ကျောက်ကြီးမြို့နယ် အတွင်းရှိ ဝေးလံခေါင်းပါးသော ကျေးရွာ များမှ သင်တန်းသူ ၁၁ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ခြောက်လ ကြာမြင့်မည်ဖြစ်သည်။

**(မြို့နယ် ပြန်/ဆက်)**

**သုံးခွမြို့နယ်တွင် စပါးအပြီး သီးထပ်အဖြစ် စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းလျက်ရှိသော ပဲတီစိမ်း သီးနှံများ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရန် ပိုးသတ်ဆေးဖျန်းခြင်းကို ဒီဇင်ဘာ ၁၅ ရက်က မြို့နယ် စံပြစိုက်ကွင်း၌ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း မြို့နယ်မန်နေဂျာ ဦးဆောင်၍ ဆောင်ရွက်စဉ်။**

(မြို့နယ် ပြန်/ဆက်)



# ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်



**နေပြည်တော် ဒီဇင်ဘာ ၂၀**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ အလုပ်သဘော ခရီးလည်ပတ်ရန် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရတနာသီရိ ဝစ်ခရမ်မာနာရာကာ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက် ၉ နာရီ မိနစ် ၂၀ တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ရောက်ရှိလာကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။ **(ဝဲပုံ)**

## ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာရတနာသီရိ ဝစ်ခရမ်မာနာရာကာ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများကလည်း နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✱

# ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် သီရိလင်္ကာနိုင်ငံဝန်ကြီးချုပ် မစ္စတာရတနာသီရိ ဝစ်ခရမ်မာနာရာကာတွေ့ဆုံ

## နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုတိုးတက်ခိုင်မာရေး ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဧည့်သည်တော် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာရတနာသီရိ ဝစ်ခရမ်မာနာရာကာတို့သည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။**(အောက်ပုံ)**

## တက်ရောက်

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

*စာမျက်နှာ ၈ ကော်လံ ၁* ●

